ကြေးမုံ
The Mirror Daily
၁၉၅၇ ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 30 April 2023 ၁၁၀၈၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဗန်းမော်ဆရာတော်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထား

**နေပြည်တော် ဧပြီ ၂၉**

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရာဘိဝံသအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုသည်။

**မေးမြန်းလျှောက်ထား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားပြီး ဆေးဝါးကုသမှုပေးထားသည့် အခြေအနေများနှင့် ဆွမ်းကိစ္စများ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးထားသည်များကို ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများအား မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဗန်းမော်ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားစဉ်။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂၉

| | | | |
|---|---|---|---|
| တောင်တွင်းကြီး | ၄၅ ဒီဂရီစင်တီဂရိတ် | ညောင်ဦး | ၄၃ ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၄ ဒီဂရီစင်တီဂရိတ် | မကွေး | ၄၃ ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲ | ၄၄ ဒီဂရီစင်တီဂရိတ် | ပြည် | ၄၃ ဒီဂရီစင်တီဂရိတ် |

မိုး/ဇလ

ယနေ့ ဖတ်စရာ

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့
ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၃ ခုနှစ် တောင်ကြီး လူရည်ချွန် အပန်းဖြေစခန်း ဖွင့်လှစ်
စာမျက်နှာ » ၈

ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (မလေးရှားနိုင်ငံ)
ဆောင်းပါး စာမျက်နှာ » ၁၀

# ကြေးမုံ

## အသက်ရှည်ကျန်းမာရေး ကာကွယ်ဆေးများလွှမ်းခြုံထိုးနှံ

ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းသည် ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ထားခြင်းဖြစ်သည်။ အထူးသဖြင့် ကူးစက်ပြန့်ပွားလွယ်သော ရောဂါအမျိုးမျိုးတို့ကို ကြိုတင်ကာကွယ်နိုင်သည်။ ဖြစ်ပွားနိုင်သည့်ရောဂါတို့အတွက် ဆိုင်ရာကာကွယ်ဆေးများ အလေးထားထိုးနှံထားခြင်းဖြင့် ရောဂါကြောင့် ဆိုးရွားစွာဖြစ်ပေါ်လာနိုင်မှုကို ကာကွယ်နိုင်သည်။

လတ်တလောတွင် ကူးစက်မြန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ ကိုဗစ်ကာကွယ်ဆေးထိုးနှံထားခြင်းသည် ရောဂါကူးစက်ခံရမှုကြောင့် ဆေးရုံတက်ကုသရမှု၊ ရောဂါပြင်းထန်မှု၊ အသက်သေဆုံးမှုတို့ကို လျှော့ချနိုင်ကြောင်းတွေ့ရှိထားသည်။ ထပ်ဆောင်းကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားသူသည် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ကုသရမှု၊ အသက်သေဆုံးမှုတို့ကို ပိုမို၍လျှော့ချနိုင်သည်ဟု တွေ့ရှိထားသဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အလေးထားထိုးနှံကြပြီး ထပ်ဆောင်းကာကွယ်ဆေးများကိုလည်း အကြိမ်ပြည့်ထိုးနှံနေကြသည်ကို တွေ့ရသည်။

"ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးရေး ရက်သတ္တပတ်"အထိမ်းအမှတ်၏ ယခုနှစ်ဆောင်ပုဒ်သည် "အမီလိုက် ကာကွယ်ဆေးထိုးနှံခြင်းကို အရှိန်အဟုန်မြှင့်တင်ရန်"ဟု သတ်မှတ်ထားရာ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကာကွယ်ဆေးများ လုံးဝမထိုးနှံခဲ့ရသော ကလေးများနှင့် အသက်အရွယ်အလိုက် လိုအပ်သော ကာကွယ်ဆေးများ အကြိမ်ပြည့်မရရှိခဲ့သော ကလေးများအားလုံးကို အသက်အရွယ်အလိုက် အမီလိုက် ကာကွယ်ဆေးထိုးနှံခြင်းကို အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန် လိုအပ်ပေသည်။ နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို တစ်နိုင်ငံလုံး လွှမ်းခြုံထိုးနှံပေးနေသော်လည်း အကြောင်းအမျိုးမျိုးဖြင့် ကလေးသူငယ်အပါအဝင် အရွယ်အမျိုးမျိုး မထိုးနှံရသေးသူများရှိနေသေးသည်။

လတ်တလောတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ထင်ရှားသော်လည်း အစဉ်အဆက်ထိုးနှံကြရသည့် ရောဂါအမျိုးမျိုးနှင့်ပတ်သက်သည့် ကာကွယ်ဆေးများလည်းရှိသေးသည်။ ဆုံဆို့၊ ကြက်ညှာ၊ ဝက်သက်၊ မေးခိုင်၊ ကျောက်ကြီး၊ ပိုလီယို၊ တုပ်ကွေးစသည့်ရောဂါကာကွယ်ဆေးများကိုလည်း ကြိုတင်ကာကွယ်သောအားဖြင့် ရာသီအချိန်အလိုက် ထိုးနှံထားကြရန် လိုအပ်ပေသည်။ မကြာသေးမီက အမေရိကန်ပြည်ထောင်စုတွင် တုပ်ကွေးရောဂါကြောင့် လူ့အသက်များ ဆုံးရှုံးခဲ့ကြောင်းသိရသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ဝက်သက်ကာကွယ်ဆေးတစ်မျိုးတည်းအနေဖြင့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၈ ခုနှစ်အတွင်း သေဆုံးမှုပေါင်း ၂၃ သန်းခန့်ကို ဟန့်တားကာကွယ်ပေးနိုင်ခဲ့ကြောင်းသိရသည်။ ကလေးသူငယ်များ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသည့် ရောဂါအမျိုးအစားပေါင်း ၂၀ ကျော်ကို ပုံမှန်ကာကွယ်ဆေးများ ထိုးနှံ/တိုက်ကျွေးပေးခြင်းဖြင့် ကာကွယ်ဟန့်တားနိုင်ခဲ့သည်။

ကာကွယ်ဆေး ပုံမှန်ထိုးနှံခြင်းသည် ပြည်သူများ အသက်ရှည်ကျန်းမာရေးအတွက်သာမက ကမ္ဘာ့ပြည်သူ သန်းပေါင်း ၂၄ သန်းခန့်ကို ဆင်းရဲမွဲတေမှုမှ ကာကွယ်ပေးနိုင်ခဲ့သည်။ ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းပါးသော ကမ္ဘာ့နိုင်ငံများတွင် ဝက်သက်ကာကွယ်ဆေးအတွက် အမေရိကန် တစ်ဒေါ်လာ ရင်းနှီးမြှုပ်နှံလျှင် ကျန်းမာရေးကုန်ကျစရိတ် သက်သာမှုအဖြစ် အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၅ ခန့် ပြန်လည်ရရှိသည်ဟု သိရသည်။ မြန်မာနိုင်ငံတွင် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် မိခင်နှင့်မွေးကင်းစကလေးများ မေးခိုင်ရောဂါကင်းဝေးကြောင်းကို ၂၀၁၀ ပြည့်နှစ်တွင်လည်းကောင်း၊ ပိုလီယိုရောဂါကင်းဝေးကြောင်းကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အသိအမှတ်ပြုထားပြီးဖြစ်သည်။

ထိုသို့ ရရှိထားပြီးဖြစ်သည့် ကျန်းမာရေးဆိုင်ရာ အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ပုံမှန်ကာကွယ်ဆေးထိုး လွှမ်းခြုံမှုများကို မြင့်မားစွာရရှိစေရန် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ယခုနှစ် ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ် ၂၀၂၃ ခုနှစ် ဧပြီ ၂၄ ရက်မှ ဧပြီ ၃၀ ရက်အတွင်း နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များနှင့် မြို့နယ်အသီးသီးတို့တွင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် အမီလိုက်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ကာ ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် တစ်နိုင်ငံလုံး အမီလိုက်ကာကွယ်ဆေးထိုးနှံခြင်း လှုပ်ရှားဆောင်ရွက်မှုအနေဖြင့် အသက်ငါးနှစ်အောက်ကလေးများကို သတ်မှတ်ကာကွယ်ဆေးများ ထိုးနှံ/တိုက်ကျွေးရန် စီစဉ်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ကာကွယ်ဆေးများကို သတ်မှတ်ချက်အတိုင်း အသက်အရွယ်အလိုက် အကြိမ်ပြည့်ထိုးနှံ/တိုက်ကျွေးခြင်းအားဖြင့် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများကို ကာကွယ်နိုင်ပြီး ပြည်သူများ အသက်ရှည်ကျန်းမာရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။ ။

## နယ်စပ်ရေးရာဝန်ကြီးဌာနက မိုင်းပန်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ဆေးများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၂၉

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိုင်းပန်မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းထက်အောင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် ကျောင်းထမ့် သုံးမိုင် ဘုန်းတော်ကြီးကျောင်းတိုက်ရှိ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် ဆေးများ ဆက်ကပ်လှူဒါန်းကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော် အခက်အခဲမရှိစေရေး ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဒိုက်ဦးမြို့နယ်၌ ကလေးငယ်များအား ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

ဒိုက်ဦး မေ ၂၉

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်မိုးမိုးအေးဦးဆောင်၍ ကျန်းမာရေးဆရာမများပါဝင်ကာ ယနေ့တွင် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ အသက်နှစ်လမှ သုံးနှစ်အရွယ် ကလေးငယ်များကို ကာကွယ်ဆေးများ ထိုးနှံ/ တိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။



### ကြည့်ရှုအားပေး

လုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းခိုင်နှင့် အဖွဲ့ဝင်များလာရောက် ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါကာကွယ်ဆေးထိုးခြင်းအား ဧပြီ ၂၄ ရက်မှ ၃၀ ရက်အထိ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

## ကဝမြို့နယ်၌ အသက်နှစ်လမှ သုံးနှစ်အရွယ်ကလေးများအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း ဆောင်ရွက်




ကဝ မေ ၂၉

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ အသက်အုပ်စုအလိုက် နှစ်လမှ သုံးနှစ်အောက်ကလေးငယ်များအား လိုအပ်သည့် ကာကွယ်ဆေးများကို ယမန်နေ့ နံနက် ၉ နာရီက ကဝမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကာကွယ်ဆေးထိုးစုရပ်များဖွင့်လှစ်၍ ကလေးငယ်များအား အသက်အရွယ်အလိုက် သတ်မှတ်ထားသော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခဲ့သည်။

### ထိုးနှံတိုက်ကျွေး

အဆိုပါကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများတွင် ကျန်းမာရေးဝန်ထမ်းများက ကလေးများအား ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော (ရိုတာ)၊ ပိုလီယိုသောက်ဆေး၊ ပြင်းထန်အသည်းရောင် (ဘီစီဗွီ)၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်(ဘီ)၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်)၊ ပိုလီယိုထိုးဆေး၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်ဂျိုက်သိုး ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ထိုးနှံခြင်းများကို ဧပြီ ၂၄ ရက်မှ ၃၀ ရက်အထိ ကျန်းမာရေးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီးအား ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးနေမှု အခြေအနေများနှင့်အနယ်နယ်အရပ်ရပ်မှ နိုင်ငံတော်သံဃမဟာ နာယက ဆရာတော်ကြီးများဦးဆောင်၍ဆရာတော်သံဃာတော်များက လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည့် အခြေအနေများ၊ “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှု ဖြစ်စေရန်** စသည့် ရည်ရွယ်ချက် (၄) ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည့် အခြေအနေများ၊ ခရစ်နှစ် ၂၀၂၃ ခုနှစ် မေ ၃ ရက် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ကဆုန်လပြည့်နေ့တွင်လည်း “ကဆုန်လပြည့် ဗုဒ္ဓနေ့”ဆိုင်ရာ အခမ်းအနားများကို နိုင်ငံတော်အဆင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရေးကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့် ဆရာတော်ကြီးတို့၏ ဦးဆောင်မှုဖြင့် သံဃအဖွဲ့အစည်းသည်လည်း မှန်ကန်စွာရပ်တည်လျက်ရှိသည့် အခြေအနေများကို လျှောက်ထားတင်ပြပြီး ဆရာတော်ကြီးထံမှ ဩဝါဒကို ခံယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဆရာတော်ကြီးအား ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီး ဟောကြားချီးမြှင့်တော်မူသည့် တရားတော်များကို နာယူကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံအုပ်ကြီးနှင့် ပါရဂူများအား ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဗန်းမော်ဆရာတော်ကြီးအား ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများအား သွားရောက်ကြည့်ရှု၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် မေ ၂၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဓမ္မသီရိအား ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးထားသည့် အခြေအနေများကိုကြည့်ရှုရာ တာဝန်ရှိသူများက ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မပြတ်စောင့်ကြည့်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ ကိုယ်ခံစွမ်းအားရှိစေရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးတို့အတွက် ဆောင်ရွက်ပေးရန်နှင့် အခြားလိုအပ်သည်များကို အလေးထား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် နဂါးနှစ်ကောင်ကျောင်းတိုက် လက်ထောက်ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တသုဓမ္မအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ဓမ္မလက်ဆောင်များပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး၏ ကျန်းမာရေးနှင့်ပတ်သက်၍ အထူးအလေးထားစောင့်ကြည့်ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေအရ ဧည့်တွေ့ဖူးမြော်မှုများကိုလည်း စနစ်တကျဖြစ်စေရေးတို့နှင့် ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နဂါး နှစ်ကောင်ကျောင်းတိုက်ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကအဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဓမ္မသီရိအား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးထားသည့် အခြေအနေများကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နဂါးနှစ်ကောင်ကျောင်းတိုက် လက်ထောက်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသုဓမ္မအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တာချီလိတ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင် လှိုင်သည် ကောင်စီတွဲဖက်အတွင်း ရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် တာချီလိတ် လေယာဉ်ကွင်း၊ လေယာဉ်ပြေး လမ်း အဆင့်မြှင့်တင် ဆောင်ရွက် နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာချီလိတ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင် ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

ဦးစွာ ရှင်းလင်းဆောင်၌ တာဝန် ရှိသူတစ်ဦးက လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်က တာချီလိတ်လေဆိပ်သို့ လေယာဉ်ကြီးများ ဆင်းသက်နိုင် သည်အထိ ဆက်လက်အဆင့်မြှင့် တင် တိုးချဲ့ဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို ကြိုတင် ပြင်ဆင် ဆောင်ရွက်ထားရန် လိုကြောင်း၊ တည်ဆောက်မှု လုပ်ငန်းများ သတ်မှတ်ချိန် အတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက် ရန်လိုကြောင်း၊ လေယာဉ်ကွင်း သန့်ရှင်းရေးအတွက် ချုံနွယ် များ ခုတ်ထွင်ရှင်းလင်းခြင်းများကို အမြဲမပြတ် ဆောင်ရွက်နေရန် လိုကြောင်း မှာကြားပြီး တာချီလိတ်မြို့အတွင်းရှိ လမ်းများ အား သတ်မှတ်ထားသည့် လမ်းညွှန် အမှတ်အသားများ ပြည့်စုံစွာ ပြုလုပ်ထားရန်လို ကြောင်း၊ ယာဉ်စည်းကမ်း ထိန်းသိမ်းမှုများကိုလည်း စနစ်



တာချီလိတ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

တကျ ဆောင်ရွက်ရန်လိုကြောင်း၊ သတ်မှတ်ထားသည့် ယာဉ်နံပါတ် များ တပ်ဆင်ရန်အတွက် ပညာပေး ကာလ ကုန်ဆုံးသွားပြီဖြစ်သဖြင့် ယာဉ်နံပါတ်များ စနစ်တကျ တပ်ဆင်စေရေး ယာဉ်စည်းကမ်း များနှင့်အညီ ဆောင်ရွက်ရန် လိုကြောင်း၊ တာချီလိတ်မြို့ သန့်ရှင်းသာယာလှပရေးအတွက် စနစ်တကျ ဆောင်ရွက်ရန် လိုကြောင်း၊ သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် မိုးရေများ စုဆောင်းခြင်းနှင့် ရေထွက် နေရာများကိုလည်း စနစ်တကျဖြင့် ထိန်းသိမ်း ဆောင်ရွက်ရန် လိုကြောင်း၊ ဒေသအတွင်း အသား၊ ငါးများ လုံလောက်စွာရရှိရေး မွေးမြူရေး လုပ်ငန်းများနှင့် MSME လုပ်ငန်း များကို အားပေးဆောင်ရွက်ရန် လိုကြောင်း၊ နယ်စပ်ကုန်သွယ် ရေးနှင့် ပတ်သက်၍လည်း ပို့ကုန် များ တင်ပို့နိုင်မှုများကို မှတ်တမ်း တင်ထားရှိရန်လိုပြီး ထိုမှတစ်ဆင့် သုတေသနပြု ဆောင်ရွက်၍ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက် အောင်ဆောင်ရွက်ရန် လိုကြောင်း၊ ဒေသတွင်း ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ တာချီလိတ်မြို့သို့ မော်တော် ယာဉ်၊ လေယာဉ်များဖြင့် ပြင်ပမှ ဝင်ရောက်လာသူများအား စနစ် တကျ မှတ်တမ်းတင်ရန် လိုကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ ပိုင်းဒေသ)တွင် တောင်ယာများ မီးရှို့ခြင်းမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် တာချီလိတ် လေဆိပ်ကို မတ်လနှင့် ဧပြီလ တို့တွင် ရက် ၂၀ ကျော်ကြာ ပိတ်ခဲ့ရကြောင်း၊ ထို့ကြောင့် ရှမ်းပြည်နယ် (အရှေ့ ပိုင်းဒေသ) အတွင်း ထိုသို့တောင်ယာများ မီးရှို့ခြင်းနှင့် လယ်ယာများ၌ ကောက်ရိုးများ မီးရှို့ခြင်း မရှိစေ ရေး ထိန်းသိမ်းကြပ်မတ်ရန် လိုကြောင်း၊ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုစနစ် ပပျောက်အောင် ဆောင်ရွက်ရန်နှင့် တောင်ယာများ ၌ ကုန်းမြင့်လယ်စိုက်ပျိုးမှုစနစ်ကို ဖော်ဆောင်ပေးရန် လိုကြောင်း၊ ထို့ကြောင့် ဒေသအစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် စနစ် တကျဖြင့် ကြပ်မတ်ခြင်းများကို ဆောင်ရွက်ရန် လိုကြောင်း တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင် နေမှုနှင့် လေဆိပ်အဆောက်အအုံ ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက် များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၂၉

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ် မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလ အတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်း ပညာ ကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော် (ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း (အငယ်တန်းအဆင့်)ဖွင့်ပွဲများကို မေ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြား ပေးလျက်ရှိသည်။



ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်း သား သင်တန်းသူ စုစုပေါင်း ၅၀၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်း သား သင်တန်းသူ စုစုပေါင်း ၆၁ ဦးနှင့် ကျောက်ဖြူမြို့ ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော်(ရေ)ရေကြောင်း လူငယ်စခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက် ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံ လေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ် တန်းအဆင့်) သင်တန်းများကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်း သား သင်တန်းသူ စုစုပေါင်း ၄၀၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၀၊ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်း မြို့ရှိ ဟုမ္မလင်းလေကြောင်းလူငယ်စခန်းမှ သင်တန်း သား သင်တန်းသူ ၄၀ တို့ကို သက်ဆိုင်ရာနယ်မြေ အသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့် သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်များရှိ တပ်မတော်(လေ) လေကြောင်းလူငယ်စခန်း ၁၇ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့် သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ် သင်တန်း(အငယ်တန်းအဆင့်)သင်တန်းများ လေ့ကျင့် သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိ သူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ် သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများတရားစီရင်ရေး အထောက်အကူပြုအဖွဲ့အစည်းအဝေး(၁/၂၀၂၃) ကျင်းပ





**နေပြည်တော် မေ ၂၉**

တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေး အထောက်အကူပြုအဖွဲ့ (၁/၂၀၂၃) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရုံးအမှတ်(၁၀) ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း၊ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ အပါအဝင် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

**ရည်ရွယ်ဖွဲ့စည်းခဲ့**

ဦးစွာ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းက ၂၀၂၀ ပြည့်နှစ်မှစ၍ ကိုဗစ်-၁၉ ရောဂါကြောင့် တရားရုံးများ အပြည့်အဝ ရုံးထိုင်စစ်ဆေးနိုင်ခဲ့ခြင်း မရှိခဲ့သဖြင့် စစ်ဆေးဆဲအမှုများ ကြန့်ကြာမှုမရှိစေရန်၊ ပြစ်မှုကျူးလွန်ခံရမှုကြောင့် ထိခိုက်နစ်နာသူများ နစ်နာမှုမရှိစေရန်၊ တရားစွဲဆို ခံထားရသူများ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန်အတွက် တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေးအထောက်အကူပြုအဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၃၄၀/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့ပြီး အထောက်အကူပြုလုပ်ငန်းအဖွဲ့နှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တို့ကို ထပ်မံဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ တရားစီရင်ရေးတွင် ဝင်ရောက်စွက်ဖက်ရန်မဟုတ်ဘဲ တရားရုံးများ၌ စစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများကို မြန်ဆန်၊ မှန်ကန်စွာဖြင့် စစ်ဆေးစီရင်နိုင်ရန်အတွက် လိုအပ်သည့် ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါကြောင်း။

**ဦးစားပေးဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များနှင့်ဆက်စပ်ပြီး အရေးယူထားသည့် အမှုများအနက် သီးသန့်တရားရုံးထိုင်၍ စစ်ဆေးဆဲအမှုများ၊ အကြမ်းဖက်မှုနှင့်ဆက်စပ်၍ ကျူးလွန်ခဲ့သည့် ပြစ်မှုများကို သီးသန့်တရားရုံးဖြင့် စစ်ဆေးသင့်သည့် အမှုများ၊ အချုပ်တရားခံနှစ်နှစ်နှင့်အထက် ကြန့်ကြာနေသည့် ရာဇဝတ်မှုများ၊ ထူးခြားထင်ရှားသောအမှုများကိုဦးစားပေးအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း။

**ပြီးပြတ်အောင်ဆောင်ရွက်နိုင်**

တရားရုံးစစ်ဆေးဆဲအမှုများကို တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် ၁၄ ရုံး၊ ခရိုင်တရားရုံး ၁၁၄ ရုံး၊ မြို့နယ်တရားရုံး ၃၀၈ ရုံးနှင့် သီးသန့်တရားရုံး ၁၈၉ ရုံး၊ စုစုပေါင်း ၆၂၅ ရုံးဖြင့် တရားစီရင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် တရားစွဲအဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဥပဒေရုံးများနှင့် တရားရုံးများတွင် တွေ့ရှိရသည့်အားနည်းချက်များအပေါ် အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို သုံးသပ်ဆွေးနွေးခဲ့ပြီး ပထမအဆင့် ရည်မှန်းချက်အား ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအထိ သတ်မှတ်၍ တရားရုံး စစ်ဆေးဆဲမှုခင်းများအား ရာနှုန်းပြည့်နီးပါး ပြီးပြတ်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ဒုတိယအဆင့်ရည်မှန်းချက်ကာလကို ၂၀၂၃ ခုနှစ် ဇူလိုင်လအထိ သတ်မှတ်၍ ကျန်ရှိသည့် အမှုများ ပြီးပြတ်အောင်ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များအနေဖြင့် စီမံချက်ရေးဆွဲ ဆောင်ရွက်၍ အဖွဲ့ဝင်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန်နှင့် လိုအပ်သည့် အကြံဉာဏ်များကို ဖြည့်စွက် ဆွေးနွေးပေးပါရန် ပြောကြားသည်။

ဆက်လက်၍ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေး အထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက စတင်ဖွဲ့စည်းခဲ့သည့် ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၈ ရက်မှစတင်၍ တရားရုံးစစ်ဆေးဆဲ အမှုအရေအတွက်များ၊ လစဉ် တရားရုံးများမှ အပြီးသတ်အမိန့်ချမှတ်ခဲ့သည့်အမှုများ၊ လစဉ် တရားရုံးများသို့ ထပ်မံစွဲတင်ခဲ့သည့်အမှုများနှင့် လက်ကျန်အမှုများကို ကျန်ရှိသည့်ကာလများတွင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အွန်လိုင်းဖြင့် တက်ရောက်သည့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်များက တင်ပြဆွေးနွေးကြသည်။

**ပူးပေါင်းဆောင်ရွက်**

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဒုတိယအဆင့် ရည်မှန်းချက်ကာလဖြစ်သည့် ၂၀၂၃ ခုနှစ် ဇူလိုင်လကုန်တွင် ကျန်ရှိသည့် တရားရုံးစစ်ဆေးဆဲအမှုများကို စစ်ဆေးစီရင်ရာတွင် လျာထားစီမံချက်ပါအတိုင်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် တွေ့ကြုံလာသည့် အခက်အခဲများအပေါ် ဝိုင်းဝန်းပူးပေါင်းညှိနှိုင်း ဖြေရှင်းကြရန်၊ ဌာနဆိုင်ရာ အဖွဲ့အစည်းအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်းများ e-ID Software ဖြင့် ဖြည့်သွင်းစိစစ် အတည်ပြုဆောင်ရွက်နေမှုများ ကြည့်ရှုအားပေး



**နေပြည်တော် မေ ၂၉**

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်း တစ်အိမ်တက်ဆင်း လူဦးရေစာရင်းကောက်ယူခဲ့သည့် အချက်အလက်များကို သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများရှိ အိမ်ထောင်စုလူဦးရေစာရင်းများနှင့် တိုက်ဆိုင်စိစစ်အတည်ပြု၍ နေပြည်တော်ရုံးချုပ်ရှိ Serverအတွင်း e-ID Sofrware ဖြင့် အချက်အလက်များ ပြင်ဆင်ဖြည့်သွင်းဆောင်ရွက်မှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးအတွင်းရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

**အရေးကြီးလုပ်ငန်းတစ်ရပ်ဖြစ်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုဆောင်ရွက်နေသည့်လုပ်ငန်းသည် မဲဆန္ဒရှင်စာရင်း မှန်ကန်စွာပြုစုနိုင်ရန် တိကျမှန်ကန်သည့် လူဦးရေစာရင်းရရှိစေရေးဆောင်ရွက်ခြင်းဖြစ်သဖြင့် နိုင်ငံအတွက် အရေးကြီးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ မြေပြင်ကွင်းဆင်းကောက်ယူရရှိသည့် အိမ်ထောင်စုဆိုင်ရာအချက်အလက်များကို e-ID Software ဖြင့် ချိတ်ဆက်၍ အချက်အလက်ပြင်ဆင် ဖြည့်စွက်အတည်ပြုခြင်းလုပ်ငန်းကို မြို့နယ်အလိုက် အမြန်ဆုံးပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းနှင့် တိကျမှန်ကန်သော အချက်အလက်များဖြစ်စေရေးအတွက် စနစ်တကျ အလေးဂရုပြုဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အီလက်ထရွန်နစ်မှတ်ပုံတင်စနစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်းက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းများကို e-ID Software ဖြင့် ဖြည့်သွင်းစိစစ် ပြင်ဆင်ဖြည့်စွက် အတည်ပြုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ် အစိုးရနည်းပညာအထက်တန်းကျောင်း (အင်းစိန်)သို့ရောက်ရှိပြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းအချက်အလက်များကို e-ID စနစ်ဖြင့် အွန်လိုင်းမှ တစ်ဆင့် နေပြည်တော်ရုံးချုပ် Server သို့ တိုက်ဆိုင်စိစစ် ပြင်ဆင်အတည်ပြုဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် အဓိကကျသည့် မဲဆန္ဒရှင်စာရင်းမှန်ကန်စေရေးအတွက် တိကျမှန်ကန်သော လူဦးရေစာရင်းရရှိစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြေပြင်ကွင်းဆင်း တစ်အိမ်တက်ဆင်း စာရင်းကောက်ယူရေးလုပ်ငန်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၃၁ ရက်အထိ ရုံးပိတ်ရက်များမပါ ရက်ပေါင်း ၂၀ သတ်မှတ်ဆောင်ရွက်ခဲ့ရာ မြို့နယ်များ၌ ကောက်ယူရရှိသည့် အိမ်ထောင်စုစာရင်းများမှ လူတစ်ဦးချင်းစီ၏ အချက်အလက်များကို ရုံးလက်ခံစာရင်းများဖြင့် တိုက်ဆိုင်စိစစ်၍ နေပြည်တော်ရုံးချုပ် Server သို့ e-ID Software ဖြင့် ပြင်ဆင်ဖြည့်စွက် အတည်ပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့

ကိုရဲ

၂၀၂၃ ခုနှစ် မေလ ၁ ရက်နေ့သည် (၁၃၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ၁၈၉၀ ပြည့်နှစ် မေလ ၁ ရက်နေ့မှစ၍ ကမ္ဘာ့နိုင်ငံများစွာတွင် ကမ္ဘာ့အလုပ်သမားများကို လုပ်အားတန်ဖိုးမြှင့်တင်ပေးသောနေ့၊ အလုပ်သတ်မှတ်ချိန်ကို ပြည့်ဝစွာခံစားရသောနေ့၊ တရားမျှတမှုအတွက် တော်လှန်ရုန်းကန်မှုများ ပေါ်ပေါက်အောင် တပ်လှန့်လိုက်သောနေ့၊ ကမ္ဘာ့အလုပ်သမားလှုပ်ရှားမှုသမိုင်းတွင် နေ့ထူးနေ့မြတ်အဖြစ် မှတ်ကျောက်တင်နိုင်သည့် နေ့တစ်နေ့အဖြစ် ဂုဏ်ပြုကျင်းပကြသည်။



၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကိုဂုဏ်ပြုသောအားဖြင့် အခမ်းအနားကျင်းပရာသို့ လှိုင်သာယာမြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများ ချီတက်ကြစဉ်။

မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ၁၉၃၈ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ ပထမဆုံးအကြိမ် ကျင်းပနိုင်ခဲ့သဖြင့် ယခုဆိုလျှင် (၈၅) ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်သည်။ မြန်မာတို့သည် ထိုအချိန်က ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုအောက်သို့ ရောက်ရှိနေချိန်ဖြစ်ပြီး ကိုလိုနီနယ်ချဲ့အရင်းရှင်ကြီးများကို သပိတ်လက်နက်ဖြင့် တုံ့ပြန်တိုက်ခိုက်နေသည့် အချိန်လည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အလုပ်သမားနေ့(မေဒေး)၏ ဘူမိနက်သန်အရပ်မှာ ရေနံချောင်းမြို့ ဆုံတိုက်ရပ်ကွက်ရှိ လည်ပေါ်ကျောင်းကြီးဖြစ်ပြီး မြန်မာ့အလုပ်သမားလှုပ်ရှားမှုသမိုင်းတွင် မော်ကွန်းတိုင်တစ်ခုအဖြစ် အလုပ်သမားနေ့ (မေဒေး)ကို ကျင်းပခဲ့ခြင်းဖြစ်သည်။

## "အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့" အဖြစ် သတ်မှတ်

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ပေါ်ပေါက်လာရခြင်းသည် ၁၈၈၆ ခုနှစ် မေလ ၁ ရက်နေ့တွင် အခြေခံသည်။ ၁၈၈၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကမ္ဘာ့အလုပ်သမားအသင်းချုပ်ကြီးက အမေရိကန်အလုပ်သမားတို့၏ သွေးမြေကျတိုက်ပွဲဝင်ခဲ့သော မေလ ၁ ရက်နေ့ကို "မေဒေး" ဟု အထိမ်းအမှတ်ပြုကာ "အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့" အဖြစ် သတ်မှတ်ခဲ့သည်။

၁၈၈၆ ခုနှစ် မေလ ၁ ရက်နေ့တွင် အမေရိကန်နိုင်ငံ ချီကာဂိုမြို့၊ နယူးယောက်၊ ဗယ်တီမို၊ ဝါရှင်တန်၊ ပီဂူရီ၊ စင်စင်တီ၊ စိန့်လူးဝစ်၊ ပစ်ဗတ်နှင့် ဒက်ထရိုက်မြို့ အစရှိသည့်မြို့များတွင် အလုပ်ချိန် ၈နာရီသတ်မှတ်ပေးရေးဆန္ဒပြပွဲများ၌ အစိုးရနှင့် အရင်းရှင်ကြီးများက အကြမ်းဖက်နှိမ်နင်းခဲ့ကြသည်။ ယင်းဖြစ်စဉ်တွင် အဓိကရုဏ်းနှိမ်နင်းမှုနှင့် ပတ်သက်၍ မခံမရပ်နိုင်သောကြောင့် အလုပ်သမားထောင်ပေါင်းများစွာတို့သည် စုဝေး၍ အေးချမ်းစွာလူထုအစည်းအဝေးကြီး ကျင်းပခဲ့သည်။

ထိုအချိန်တွင် ထပ်မံအကြမ်းဖက်ပစ်ခတ်နှိမ်နင်းပြီး အလုပ်သမားခေါင်းဆောင် လေးဦးတို့ကို ဆူပူမှုဖန်တီးကြသည်ဟူသော အကြောင်းပြချက်ဖြင့် ကြိုးပေးသတ်ဖြတ်လိုက်ကြသည်။ ကျန်အလုပ်သမားခေါင်းဆောင်များကိုလည်း ထောင်ဒဏ်၊ ငွေဒဏ်၊ စသည့်ပြစ်ဒဏ်များပေးလိုက်ကြသည်။ အလုပ်သမားထုကြီးက အလျှော့မပေးဘဲ ဆက်လက်တိုက်ပွဲဝင်ခဲ့ကြသည်။ အလုပ်သမားတို့၏ သွေးမြေကျတိုက်ပွဲများကို အကြောင်းပြု၍ ၁၈၈၈ ခုနှစ် စိန့်လူးဝစ်မြို့၌ ကျင်းပသည့် အမေရိကန်အလုပ်သမားအဖွဲ့ချုပ်ညီလာခံတွင် ထပ်မံ၍ အလုပ်ချိန် ၈ နာရီ သတ်မှတ်ပေးရန် ဆက်လက်တိုက်ပွဲဝင်ခဲ့ကြသည်။ နောက်ဆုံးတွင် အစိုးရက အလျှော့ပေးပြီး အလုပ်ချိန်ကို တစ်နေ့ ၈ နာရီဟု တရားဝင်သတ်မှတ်လိုက်ရသည်။

## ရေနံမြေအလုပ်သမားသပိတ်ကြီး စတင်ပေါ်ပေါက်လာခဲ့

၁၉၃၈ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ် ရေနံမြေအလုပ်သမားသပိတ်ကြီးတွင် အလုပ်သမားများသာမက ကျောင်းသားများနှင့် တောင်သူလယ်သမားများပါဝင်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ရေနံလုပ်ငန်းကို လက်ဝါးကြီးအုပ် သွေးစုပ်လုပ်ကိုင်ခဲ့ကြသော ဘီအိုစီသည် အကြီးဆုံးဖြစ်သည်။ ဘီအိုစီကုမ္ပဏီသည် အလုပ်သမားများကို ထိုက်တန်သည့် အခွင့်အရေးများမပေးသဖြင့် မကျေမနပ်ဖြစ်နေကြသည်။ ထိုအချိန်တွင် ချောက်မြို့ ဘီအိုစီကုမ္ပဏီမှ သခင်ခင်အား အလုပ်(၁) ရက် ခွင့်မဲ့ပျက်ကွက်မှုဖြင့် အလုပ်မှထုတ်ပစ်ရာ မကျေမနပ်မှုများပေါက်ကွဲပြီး ရေနံမြေအလုပ်သမားသပိတ်ကြီးသည် ၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် စတင်ပေါ်ပေါက်လာခဲ့သည်။ အဆိုပါသပိတ်ကြီးသည် ရေနံချောင်း လမ်းရွာ ရေနံချက်စက်ရုံမှ အလုပ်သမားများထံ ကူးစက်သွားပြီး သန်လျင်ရေနံချက်စက်ရုံများသို့ ကူးစက်ကာ ထပ်ဆင့်သပိတ်များ ပေါ်ပေါက်ခဲ့ကြသည်။

ထိုစဉ်က မြန်မာအလုပ်သမားထုသည် စစ်မှန်သောအခွင့်အရေးများကို မခံစားခဲ့ရချေ။ နိုင်ငံရေးပါတီများ၏ ဩဇာလွှမ်းမိုးမှုဖြင့် အလုပ်သမားတို့၏ ဘဝရည်မှန်းချက်ကို အလွဲသုံးစားပြုလုပ်ခံခဲ့ရသည်။ အလုပ်သမားအချင်းချင်း အယူအဆကွဲလွဲအောင် မြှောက်ပင့်သွေးထိုးခဲ့ကြသည်။ ထို့ကြောင့် လွတ်လပ်ရေးခေတ် အလုပ်သမားထုကြီး၏ဘဝမှာ တရားမျှတသောအသီးအပွင့် အကျိုးတရားများနှင့် ဝေးကွာခဲ့ရပြီး အရင်းရှင်လောင်းရိပ်အောက်တွင် ညှိုးနွမ်းခဲ့ရသည်။

အလုပ်သမားများ၏ သပိတ်တိုက်ပွဲကို အရှိန်မြှင့်ပေးရန် တို့ဗမာအစည်းအရုံးဝင်များနှင့် ကျောင်းသားခေါင်းဆောင်များသည် ရေနံမြေသို့သွားရောက်အားပေးခဲ့ကြသည်။ ဤအရေးတော်ပုံသည် မြန်မာနိုင်ငံရှိအလုပ်သမားလူတန်းစားများ၏ သမိုင်းဝင်သောတိုက်ပွဲဖြစ်သည်။ အလုပ်သမား လူတန်းစားတစ်ရပ်တည်းသာမဟုတ်၊ တောင်သူလယ်သမားများ၊ တက္ကသိုလ်ကျောင်းသားများ၊ တို့ဗမာအစည်းအရုံးဝင်များ ပြည်သူများက ပူးပေါင်းပါဝင်ခဲ့ကြသဖြင့် ထင်ရှားအောင်မြင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံများစွာတွင် အခြေခံလူတန်းစားဟူ၍ ရှိသည်။ နိုင်ငံတစ်နိုင်ငံ ရှင်သန်ရပ်တည်ရေးအတွက် အရေးပါသောလူတန်းစားကို ဆိုလိုသည်။ စက်မှုထွန်းကားသောနိုင်ငံက အလုပ်သမားလူတန်းစားကိုအခြေခံရသည်။ စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံက လယ်သမားလူတန်းစားကိုအခြေခံရသည်။ အလုပ်သမားနှင့် လယ်သမားလူတန်းစားနှစ်ရပ်သည် အပြန်အလှန်အကျိုးပြုနေကြသည်။

## လုပ်အားကိုတန်ဖိုးထားဖော်ထုတ်

ယခုအခါ နိုင်ငံတော်၏ အခြေခံလူတန်းစားနှစ်ရပ်ဖြစ်သော တောင်သူလယ်သမားနှင့် အလုပ်သမားတို့၏ လုပ်အားကိုတန်ဖိုးထားဖော်ထုတ်လျက်ရှိသည်။ အလုပ်သမားများကိုလည်း ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ လုပ်ငန်းခွင်စည်းကမ်းထိန်းသိမ်းရေး အလုပ်လုပ်သလောက် အကျိုးခံစားခွင့်ရရှိရေးအတွက် အားပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံဖြစ်လာရေးအတွက် အလုပ်သမားကြီးများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ညီညွတ်မှုစွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်အတွင်းရှိ သဘာဝအရင်းအမြစ်များကို အခြေပြုလျက် လူသယံဇာတ၊ မြေသယံဇာတ၊ ရေသယံဇာတများကို ထိထိရောက်ရောက်အသုံးချပြီး အသိပညာနှင့် အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးကို အလုပ်သမားကြီးများက ပါဝင်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအသီးသီး၌ အထူးစီမံကိန်းကြီးများ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အထူးစီမံကိန်းကြီးများ အချိန်မီ ပြီးမြောက်ရန် အလုပ်သမားကြီးများက အင်တိုက်အားတိုက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အလုပ်သမားတို့အတွက် ရပိုင်ခွင့်နှင့် တာဝန်သည် ယနေ့ခေတ်တွင် ကွဲကွဲပြားပြား ထင်ရှားပေါ်လွင်လာပြီဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့(မေဒေး)ကို ပြည်သူတိုင်းက ထာဝစဉ်တန်ဖိုးထား လေးစားအပ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

**"နိုင်ငံတစ်နိုင်ငံ ရှင်သန်ရပ်တည်ရေးအတွက် အရေးပါသောလူတန်းစားကို ဆိုလိုသည်။ စက်မှုထွန်းကားသောနိုင်ငံက အလုပ်သမားလူတန်းစားကို အခြေခံရသည်။ စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံက လယ်သမားလူတန်းစားကိုအခြေခံရသည်။ ယခုအခါ နိုင်ငံတော်၏ အခြေခံလူတန်းစားနှစ်ရပ်ဖြစ်သော တောင်သူလယ်သမားနှင့် အလုပ်သမားတို့၏လုပ်အားကို တန်ဖိုးထားဖော်ထုတ်လျက်ရှိသည်။ အလုပ်သမားများကိုလည်း ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ လုပ်ငန်းခွင်စည်းကမ်းထိန်းသိမ်းရေး အလုပ်လုပ်သလောက် အကျိုးခံစားခွင့်ရရှိရေးအတွက် အားပေးလျက်ရှိသည်။ အလုပ်သမားတို့အတွက် ရပိုင်ခွင့်နှင့် တာဝန်သည် ယနေ့ခေတ်တွင် ကွဲကွဲပြားပြား ထင်ရှားပေါ်လွင်လာပြီဖြစ်"**

# ဥပဒေရေးရာဝန်ကြီးဌာနကထုတ်ဝေသည့် ဥပဒေပညာဗဟုသုတမှတ်စုများ(တရားမကျင့်ထုံးဥပဒေ) စာအုပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲနှင့် တရားမဆိုင်ရာဥပဒေပညာသင်တန်း ဖွင့်ပွဲကျင်းပ



**ရန်ကုန် ဧပြီ ၂၉**

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ပန်းဆိုးတန်းလမ်းမရှိ ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဥပဒေရေးရာဝန်ကြီးဌာနကထုတ်ဝေသည့် ဥပဒေပညာဗဟုသုတမှတ်စုများ(တရားမကျင့်ထုံးဥပဒေ)စာအုပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲနှင့် တရားမဆိုင်ရာဥပဒေပညာသင်တန်းဖွင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ အခမ်းအနားမှူးက တက်ရောက်လာကြသည့်ခရိုင်အလိုက် ဥပဒေအရာရှိများနှင့် မိတ်ဆက်ပေးပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ဥပဒေပညာဗဟုသုတမှတ်စုများ(တရားမကျင့်ထုံးဥပဒေ)စာအုပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တရားမဆိုင်ရာဥပဒေပညာသင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ် ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေအရာရှိ ဦးမောင်မောင်တာ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ထို့နောက် တရားမဆိုင်ရာ ဥပဒေပညာသင်တန်းကို ဥပဒေရေးရာဝန်ကြီးဌာန တရားမဆိုင်ရာအမှုလိုက်ဌာနခွဲမှ ညွှန်ကြားရေးမှူးဒေါ်ခင်နွယ်နွယ်ကျော်နှင့် ဒုတိယညွှန်ကြားရေးမှူး နှစ်ဦးတို့က ပို့ချသင်ကြားပေးနေခြင်းဖြစ်ပြီး သင်တန်းသို့ ဒုတိယညွှန်ကြားရေးမှူး ၂၂ ဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ၅၃ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူယနေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်ရှိရွှေတောင်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေမှုနှင့် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ၂၃၀ ကေဗွီ အလုံပင်မဓာတ်အားခွဲရုံ၏ ဓာတ်အားဖြန့်ဖြူးပေးနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရွှေတောင်မြို့နယ်ရှိ ရွှေတောင်ဓာတ်အားပေးစက်ရုံဝင်းအတွင်း တည်ဆောက်ထားသည့် MCM Power Co.,Ltd. ၏ ရွှေသဘာဝဓာတ်ငွေ့အသုံးပြု၍ ၇၀ မဂ္ဂါဝပ် ထုတ်လုပ်နေသော ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ဓာတ်အားပေးစက်များ မောင်းနှင်ဓာတ်အားထုတ်လုပ်ပေးနေမှုနှင့် ဓာတ်အားပေးစက်များ ထိန်းသိမ်းပြုပြင်ခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားထိန်းချုပ်ခန်းအတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရွှေတောင်ဓာတ်အားပေးစက်ရုံ အစည်းအဝေးခန်းမတွင် ဓာတ်အားပေးစက်ရုံမှူးနှင့် တာဝန်ရှိသူတို့က ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များနှင့် ရွှေတောင်ဓာတ်အားခွဲရုံမှ ဓာတ်အားလက်ခံပို့လွှတ်ဖြန့်ဖြူးပေးနေမှုကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများ၏တင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဓာတ်အားပေးစက်ရုံ သန့်ရှင်းသာယာလှပရေး၊ ဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ မြေနေရာအလွတ်များတွင် သီးပင်စားပင်များ စနစ်တကျစိုက်ပျိုးသွားရန်နှင့် လုံခြုံရေး အထူးဂရုပြုဆောင်ရွက်သွားရန် မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ၂၃၀ ကေဗွီ အလုံပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ Switch Yard အတွင်း လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် ဓာတ်အားခွဲရုံ Switch Yard တိုးချဲ့တည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြမှုကို ပြည်ထောင်စုဝန်ကြီးက ဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ရာတွင် အရေးပေါ် မီးကာနံရံ (Fire Wall)၊ ဆီစုကန်(Oil Pit)နှင့် အရေးပေါ် မီးငြိမ်းသတ်မှုစနစ်(Fire Fighting System) စသည်တို့ကို ထည့်သွင်းတည်ဆောက်သွားရန်နှင့် သက်တမ်းရှည်ကြာပြီး ဝန်အားပြည့်နေသည့် ထရန်စဖော်မာများကို လဲလှယ်နိုင်ရေး စီမံဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ပြီး လက်ရှိဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ၏ ဝန်အားထိန်းညှိဖြန့်ဖြူးထားမှုနှင့် Switch Yard တိုးချဲ့ တည်ဆောက်မည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဧပြီ ၂၉**

ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ဥတုရာသီ တောကိုမှီ၏

# ပြည်ထဲရေးဝန်ကြီးဌာန အဆင့်မြင့်ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၂၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း(အမျိုးသမီး)များ၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်းများ၏ မိသားစုဝင်များ အဆင့်မြင့်ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆရာဖြစ်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်၌ ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ တက်ရောက်၍ အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အဆင့်မြင့်ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆရာဖြစ်သင်တန်း တက်ရောက်ရခြင်းကြောင့် ရရှိသော အကျိုးကျေးဇူးများနှင့် ပတ်သက်၍ သင်တန်းသူတစ်ဦးက ရှင်းလင်းတင်ပြသည်။



အဆိုပါ အဆင့်မြင့်ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆရာဖြစ်သင်တန်းသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်/ဝန်ထမ်း(အမျိုးသမီး)များ၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်းများ၏ မိသားစုဝင် သင်တန်းသူ စုစုပေါင်း ၆၄၈ ဦး တက်ရောက်ခဲ့ကြပြီး ဧပြီ ၂၄ ရက်မှ ၂၉ ရက်အထိ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် တောင်ကြီး လူရည်ချွန်အပန်းဖြေစခန်း ဖွင့်လှစ်






**နေပြည်တော် မေ ၂၉**

၂၀၂၃ ခုနှစ် တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေက လူရည်ချွန် အပန်းဖြေစခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ၂၀၂၃ ခုနှစ်တောင်ကြီး လူရည်ချွန် အပန်းဖြေစခန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လူမှုရေးရာ ဝန်ကြီးနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယပိုင်း အခမ်းအနားကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ သြဝါဒစကား လမ်းညွှန်မှာကြားချက်များကို လေးစားလိုက်နာကျင့်ကြံ နေထိုင်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လူရည်ချွန်လူငယ်မောင်မယ်များ လူရည်ချွန်စခန်းများတွင် စခန်းချနေထိုင်စဉ် ကာလအတွင်း ပညာရေးဆိုင်ရာ ဟောပြောပွဲများ၊ စာပေဗဟုသုတ နှီးနှောဆွေးနွေးခြင်းများ၊ ပတ်ဝန်းကျင် ပြည်သူ့ဘဝလေ့လာရေးနှင့် ဒေသလုပ်ငန်းများ၊ ဒေသထွက်ကုန်များနှင့် ဒေသခံများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ လက်မှုပညာများနှင့် ဒေသန္တရဆိုင်ရာဗဟုသုတများကို လေ့လာဆည်းပူးခွင့်ရရှိမည်ဖြစ်ကြောင်း။

လူရည်ချွန်လူငယ်မောင်/မယ်များအနေဖြင့် ကျောင်းသားကျောင်းသူများ၏ စံနမူနာပြလူငယ်များ ပေါ်ထွန်းလာစေရန်စသည့် အချက်များနှင့် ပြည့်စုံအောင် ကြိုးစားသွားကြ စေလိုကြောင်း၊ ဆက်လက်သင်ယူရမည့် ပညာရပ်နယ်ပယ်များတွင် ထူးချွန်ထက်မြက်အောင် ဆက်လက်အားထုတ်ကြိုးပမ်းကြရန်နှင့် တတ်မြောက်ထားသည့် အသိပညာ၊ အတတ်ပညာများဖြင့် မိမိတို့ဒေသ၊ ဌာန၊ အဖွဲ့အစည်းကိုကောင်းမွန်စွာ ခေါင်းဆောင်မှုပေးနိုင်သည့် အနာဂတ် နိုင်ငံတော်၏ ခေါင်းဆောင်ကောင်းဖြစ်အောင် ရည်မှန်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူရည်ချွန် ကျောင်းသား တစ်ဦးကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က လူရည်ချွန်ကျောင်းသူတစ်ဦးကို လည်းကောင်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လူရည်ချွန်မောင်/မယ် နှစ်ဦးကိုလည်းကောင်း ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးအပ်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ် ကောဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်) စခန်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

**ပုသိမ် မေ ၂၉**

၂၀၂၃ ခုနှစ် ကောဒသမတန်းလူရည်ချွန်စခန်း (ငွေဆောင်) စခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ ယမုံနာဦးဟိုတယ်၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန လေ့လာဆန်းစစ် အကဲဖြတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီးပညာရေးမှူးတို့က ၂၀၂၃ ခုနှစ် ကောဒသမတန်းလူရည်ချွန်စခန်း (ငွေဆောင်) မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ယမုံနာဦးဟိုတယ်ခန်းမ၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ လူရည်ချွန်မောင်/မယ်များက မြန်မာ့ကျောင်းသီချင်းဖြင့် ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားခဲ့ပြီး ငွေဆောင်လူရည်ချွန်စခန်းမှူး တိုင်းဒေသကြီးပညာရေးမှူးက လူရည်ချွန်စခန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် လူရည်ချွန်မောင်/မယ်များကို ရင်ထိုးတံဆိပ်များ ဂုဏ်ပြုချီးမြှင့်အပ်နှင်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ရင်ထိုးတံဆိပ်များအား တစ်ဦးချင်းစီ ဂုဏ်ပြုချီးမြှင့်အပ်နှင်းခဲ့သည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က လူရည်ချွန် မောင်/မယ်များနှင့် ကြီးကြပ်ဆရာ ဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ပြီး ငွေဆောင်လူရည်ချွန်စခန်းမှူးနှင့် လူရည်ချွန်ကြီးများက တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများထံသို့ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ ထို့နောက် လူရည်ချွန်မောင်မယ်များက ဇာတိမာန်သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ ကောဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်)စခန်းဖွင့်ပွဲ အခမ်းအနား



အား အောင်မြင်စွာပြီးမြောက်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လူရည်ချွန်မောင်/မယ်များနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ကာ လူရည်ချွန်မောင်/မယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူရည်ချွန်မောင်/မယ်များနှင့် နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပုဂံလူရည်ချွန်စခန်းဖွင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

**မန္တလေး မေ ၂၉**

ပုဂံလူရည်ချွန်စခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ် အောင်မြေသာရပ်ရှိ ပုဂံလူရည်ချွန်စခန်း မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန်ဦးကျော်ဆန်း၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဝင်း၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ လူရည်ချွန်ကြီးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် လူရည်ချွန်ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပုဂံလူရည်ချွန်စခန်းအား လူရည်ချွန်ကျောင်းသား ကျောင်းသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



ထို့နောက် အခမ်းအနားကို Heritage Bagan Hotel ၌ ဆက်လက်ကျင်းပရာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး လူရည်ချွန်ကျောင်းသား ကျောင်းသူများအတွက် လူရည်ချွန်တံဆိပ်များကို ကျောင်းသား ကျောင်းသူ ကိုယ်စားလှယ်တစ်ဦးစီထံ ပေးအပ်ပြီး လူရည်ချွန် ကျောင်းသား တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ လူရည်ချွန်ကြီးများက လူရည်ချွန်ကျောင်းသား ကျောင်းသူများကို ရင်ထိုးတံဆိပ်များ တပ်ဆင်ပေးကာ ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်ကြပြီး လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ လူရည်ချွန်ကျောင်းသား ကျောင်းသူများက အမှတ်တရသစ်ပင်စိုက်ပျိုးကြသည်။

ဆက်လက်၍ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ မနူဟာဘုရား၊ မြစေတီ+ဂူပြောက်ကြီးဘုရား၊ ဘူးဘုရား၊ ထီးလိုမင်းလို ဘုရား၊ ပုဂံဒေသရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းဗိသုကာလက်ရာများကို အုပ်ချုပ်သူ ဆရာ ဆရာမများနှင့်အတူ သွားရောက်ဖူးမြော်လေ့လာကြသည်။

ညပိုင်းတွင် ပုဂံလူရည်ချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်းအနားကို စတင်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က စခန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ လူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြပြီး ဂုဏ်ပြုဧည့်ခံဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)လမ်းမကြီးနှင့် အမှတ်(၇)လမ်းမကြီးအကြားရှိ ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိသည်။ ရှင်းလင်းဆောင်တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ပေးသည်။

တွေ့ဆုံပွဲတွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးက ပြည်သူ့အငှားအိမ်ရာစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းသက်နိုင်မိုးက ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေဖြင့် မြို့ပြ၊ ရေသန့်၊ လျှပ်စစ် အပိုင်းလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုကို လည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းတို့မှ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ အပိုင်းလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။




တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူများ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် ပြည်သူ့အငှားအိမ်ရာ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ဆောက်လုပ်ပြီးစီးပြီဖြစ်၍ နေရာချထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် အဆောက်အအုံများ ထပ်မံဆောက်လုပ်ရန်အတွက် လျာထား ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်ပြည်သူ့အငှားအိမ်ရာစီမံကိန်းအနေဖြင့် ၈၂ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ အရည်အသွေး ပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးစေရေး ဦးစားပေးဆောင်ရွက်သွားရန်နှင့် ပြီးစီးမှုပေါ်မူတည်၍ အပိုင်းလိုက် နေရာချထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အိမ်ရာစီမံကိန်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ သန့်ရှင်းသပ်ရပ်စေရေးနှင့် သွားလာရေး လွယ်ကူအဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးရန်တို့ကို မှာကြားပြီး အိမ်ရာစီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြား၍ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) လမ်းမကြီး မိုင်တိုင်အမှတ်(၁၄/၂)နှင့် အမှတ်(၃)လမ်းမကြီး မိုင်တိုင်အမှတ်(၄ /၁)တို့တွင် လမ်းဦးစီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မက်စ်မြန်မာကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်သော လက်ရှိလေးလမ်းသွားမှ ခြောက်လမ်းသွားအဆင့် လမ်းတာပေါင်တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ကတ္တရာကွန်ကရစ်(AC) ခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိသည်။ ယာယီရှင်းလင်းဆောင်တွင် မက်စ်မြန်မာကုမ္ပဏီမှ တာဝန်ရှိသူက လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ တင်ပြမှုများနှင့်စပ်လျဉ်း၍ လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းမြင့်ထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြမှုကို ပြည်ထောင်စုဝန်ကြီးက လမ်းအင်္ဂါရပ်များနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်၊ လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး စနစ်တကျဆောင်ရွက်ပေးရန်၊ ကတ္တရာကွန်ကရစ်(AC)ခင်းခြင်း အပိုင်းကို စီမံချက်အတိုင်း ပြီးစီးရေးနှင့် မြေကြီးတာပေါင် လုပ်ငန်းများကို မိုးမကျမီအပြီး ဆောင်ရွက်ရန်တို့ကိုမှာကြားပြီး လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) ဖွင့်လှစ်ပို့ချနေမှု ကြည့်ရှု



**နမ့်စန် မေ ၂၉**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် တာဝန်ရှိသူများသည် မေ ၂၇ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်လေတပ်သင်တန်းခန်းမတွင် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) အမှတ်စဉ် (၁/၂၀၂၃)သင်တန်းဖွင့်လှစ်ပို့ချနေမှုကို သွားရောက်ကြည့်ရှုသည်။

**အားပေးစကားပြောကြား**

သင်တန်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က သင်တန်းတက်ရောက်နေသော သင်တန်းသား သင်တန်းသူများကို အားပေးစကားပြောကြားရာ လေကြောင်းသင်တန်း တက်ရောက်နေသော သင်တန်းသား သင်တန်းသူများ မိမိဖြစ်ချင်သည့် ရည်မှန်းချက်အတိုင်းကြိုးစားကြရန်နှင့် လိုအပ်သည်များရှိပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သင်တန်းအတွက်နှင့် နည်းပြဆရာ၊ အုပ်ချုပ်သူဆရာမများအား ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ်ကပေးအပ်ရာ သင်တန်းသား သင်တန်းသူများနှင့် နည်းပြ ဆရာ၊ အုပ်ချုပ်သူ ဆရာမများက လက်ခံ ရယူကြပြီး လေကြောင်းလူငယ်သင်တန်းများတွင်ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်တွင် အသုံးပြုလျက်ရှိသည့် လေယာဉ်၊ ရဟတ်ယာဉ်များပြခန်းကို ကြည့်ရှုကြသည်။

ပြည်နယ်(ပြန်/ဆက်)

# သပိတ်ကျင်းမြို့ သရက်တောကျောင်းတိုက်၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ ကျင်းပ

**သပိတ်ကျင်း မေ ၂၉**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ခရိုင်/မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)တို့ ပူးပေါင်း၍ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်ခြင်းအခမ်းအနားကို ယမန်နေ့က သရက်တောကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဇောတိပါလထံမှ ငါးပါးသီလနှင့် သြဝါဒမြွက်ကြားခြင်းကို တက်ရောက်လာသူများက နာယူကြည်ညိုကြပြီး မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဥက္ကဋ္ဌ ဦးတိုးတိုးက ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် တာဝန်ရှိသူတို့က ယဉ်ကျေးလိမ္မာသင်တန်းသို့ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူ ၈၀ အား စာရေးကိရိယာများထောက်ပံ့ပေးအပ်သည်။ အဆိုပါသင်တန်းကို မေ ၁၈ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ညောင်ရွှေမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကျေးလက်ရေပေးရေးလုပ်ငန်းဖွင့်ပွဲ ကျင်းပ

**ညောင်ရွှေ မေ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ မကျည်းပင်ကျေးရွာနှင့် သရက်ပင်ကျေးရွာတို့၌ ရေပေးဝေရေးလုပ်ငန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မကျည်းပင်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကလောခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်းက အဖွင့်အမှာစကားပြောကြားပြီး ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုနိုင်က လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု



အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရေပေးရေးဖွင့်ပွဲ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကျေးရွာတွင်း ရေဖြန့်ဝေသုံးစွဲနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံသို့ လုပ်ငန်းလွှဲပြောင်းမှတ်တမ်းလွှာ ပေးအပ်သည်။

အဆိုပါ ကျေးရွာ နှစ်ရွာ၌ ကျေးလက်ရေရရှိရေးအတွက် ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ် လုပ်ငန်းများကို ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သန်း ၂၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၂၂၅ သန်းဖြင့် ဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်းကာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၂

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (မလေးရှားနိုင်ငံ)

ရှင်ကုကူး

## နိဒါန်း

မလေးရှားနိုင်ငံသည် အရှေ့တောင်အာရှတွင်တည်ရှိသော ဖက်ဒရယ်နိုင်ငံတစ်ခု ဖြစ်သည်။ တောင်တရုတ်ပင်လယ်သည် မလေးရှားနိုင်ငံ၏ အဓိကနယ်မြေနှစ်ခုဖြစ်သော ကျွန်းဆွယ်မလေးရှားဒေသနှင့် အရှေ့မလေးရှားဒေသတို့ကို အညီအမျှ ပိုင်းခြားထားသည်။ ကျွန်းဆွယ်မလေးရှားသည် ထိုင်းနိုင်ငံနှင့် ကုန်းမြေနယ်နိမိတ်၊ ပင်လယ်ပြင်နယ်နိမိတ် ထိစပ်လျက်ရှိကာ စင်ကာပူနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့်လည်း ပင်လယ်ပြင်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ အရှေ့မလေးရှားမှာမူ ဘရူနိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် ပင်လယ်ပြင်နယ်နိမိတ်၊ ကုန်းမြေနယ်နိမိတ်ချင်း ထိစပ်လျက်ရှိကာ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့နှင့် ပင်လယ်ပြင်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ မလေးရှားသည် အီကွေတာမျဉ်း၊ လတ္တီတွဒ် ၁ ဒီဂရီနှင့် ၇ ဒီဂရီ မြောက်ဘက်နှင့် လောင်ဂျီတွဒ် ၁၀၀ ဒီဂရီနှင့် ၁၁၉ ဒီဂရီ အရှေ့မလေးရှားတွင် ဧရိယာ ၃၂၉၉၆၀ ဒသမ ၂၂ စတုရန်းကီလိုမီတာကျယ်ဝန်း၍ ၂၀၂၀ ပြည့်နှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၃၂၄၄၇၃၅၈ သန်းခန့်ရှိသည်။

## အစိုးရဖွဲ့စည်းမှု

နိုင်ငံတော်အကြီးအကဲမှာ ဘုရင်မင်းမြတ်ဖြစ်၍ အစိုးရအကြီးအကဲမှာ ဝန်ကြီးချုပ်ဖြစ်သည်။ အောက်လွှတ်တော် (Dewan Rakyat) နှင့် အထက်လွှတ်တော် (Dewan Negara)၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ ဦးဆောင်သော အမှုဆောင်အဖွဲ့၊ တရားစီရင်ရေးမဏ္ဍိုင် စသည်ဖြင့် ခွဲခြားသတ်မှတ်ထားသည်။ အစိုးရအမျိုးအစားမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စည်းမျဉ်းခံဘုရင်စနစ်ဖြစ်သည်။


## အာဏာခွဲဝေကျင့်သုံးမှု

မလေးရှားနိုင်ငံသည် စည်းမျဉ်းခံရွေးကောက်ခံဘုရင်စနစ်ရှိသော ဖက်ဒရယ်နိုင်ငံတစ်ခုဖြစ်ပြီး အရှေ့တောင်အာရှတွင် တစ်ခုတည်းသော ဖက်ဒရယ်နိုင်ငံလည်းဖြစ်သည်။ မလေးရှားနိုင်ငံ အာဏာသုံးရပ်ကို အောက်ပါဇယားအတိုင်း ခွဲဝေကျင့်သုံးပါသည် –

| အာဏာများ | အဓိကတာဝန်နှင့်လုပ်ပိုင်ခွင့်များ | ရွေးကောက်ပွဲ လုပ်ငန်းစဉ် | သက်တမ်း |
|---|---|---|---|
| အုပ်ချုပ်ရေးအာဏာ | ဘုရင်သည် နိုင်ငံတော် အခမ်းအနားများ တက်ရောက်ရန်နှင့် နိုင်ငံ့အကြီးအကဲတစ်ဦး ဖြစ်သည်။ ဝန်ကြီးချုပ်သည် အစိုးရ၏ အကြီးအကဲဖြစ်ပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို ဦးဆောင်သည်။ | ဘုရင်စနစ်တွင် မျိုးရိုးအလိုက် ထီးနန်းကို လွှဲပြောင်းအပ်နှင်းသည်။ ဝန်ကြီးချုပ်ကို လွှတ်တော်က ခန့်အပ်သည်။ | အနည်းဆုံး ၅ နှစ် |
| တရားစီရင်ရေးအာဏာ | မလေးရှားတွင် အမြင့်ဆုံး တရားရုံးနှင့် နောက်ဆုံး အယူခံတရားရုံးက တရားစီရင်ခွင့် အာဏာကို ရရှိပါသည်။ | တရားသူကြီးများကို ဝန်ကြီးချုပ်၏ အကြံဉာဏ်ဖြင့် ဘုရင်က ခန့်အပ်သည်။ | မဖြစ်မနေ အငြိမ်းစား ယူရမည့် အသက် ၆၅ နှစ် |
| ဥပဒေပြုရေးအာဏာ | အထက်လွှတ်တော်သည် အောက်လွှတ်တော်မှ အတည်ပြုပြီးသော ဥပဒေများကို ပြန်လည်သုံးသပ်သည်။ အထက်လွှတ်တော်က ဥပဒေကြမ်းကို ပယ်ချပါက ဘုရင့်ထံမပေးပို့မီ တစ်နှစ်ဆိုင်းငံ့ခွင့်ရှိသည်။ ဥပဒေကြမ်းအားလုံးကို လွှတ်တော်နှစ်ရပ်စလုံး၏ အတည်ပြုချက်ရမှသာ ဘုရင်မင်းမြတ်ထံသို့ တင်ပြရမည်။ | အထက်လွှတ်တော်တွင် ဘုရင်က ခန့်အပ်ထားသော ကိုယ်စားလှယ် ၄၄ ဦးရှိပြီး ကိုယ်စားလှယ် ၂၆ ဦးကို ပြည်နယ်လွှတ်တော်များက ရွေးချယ်တင်မြှောက်ထားသည်။ အောက်လွှတ်တော် အဖွဲ့ဝင်များကို မဲဆန္ဒနယ်များအလိုက် မဲများသူ အနိုင်ရသည့်စနစ်ဖြင့် ရွေးကောက် တင်မြှောက်ထားသည်။ | အထက် လွှတ်တော်- ၃ နှစ် အောက် လွှတ်တော်- ၅ နှစ် |

## လွှတ်တော်ဖွဲ့စည်းမှုနှင့် လွှတ်တော်သက်တမ်း

မလေးရှားနိုင်ငံသည် ၁၉၄၈ ခုနှစ် ဗြိတိသျှလက်အောက်သို့ ကျရောက်နေစဉ်ကတည်းကပင် ဥပဒေပြုကောင်စီဖက်ဒရယ်စနစ်ကို အသုံးပြုခဲ့ကြသည်။ မလေးရှားဥပဒေပြုလွှတ်တော်သည် Westminster စနစ်အပေါ်တွင် အခြေခံ၍ဆောင်ရွက်သည်။ မလေးရှားနိုင်ငံတွင် Dewan Rakyat (အောက်လွှတ်တော် သို့မဟုတ် မလေးဘာသာဖြင့် People's Hall) နှင့် Dewan Negara (အထက်လွှတ်တော် သို့မဟုတ်




မလေးဘာသာဖြင့် Nation's Hall) ဟူ၍ လွှတ်တော်နှစ်ရပ်ရှိသည်။ Dewan Rakyat (အောက်လွှတ်တော်) ကိုယ်စားလှယ်များကို ပါလီမန်အမတ်များအဖြစ် လူသိများကြပြီး Dewan Negara (အထက်လွှတ်တော်) အဖွဲ့ဝင်များကို အထက်လွှတ်တော်အမတ်များဟု ခေါ်ဝေါ် သုံးစွဲကြသည်။ **(အပေါ်ပုံ)**

### အထက်လွှတ်တော်

အထက်လွှတ်တော်တွင် ကိုယ်စားလှယ်စုစုပေါင်း ၇၀ ရှိသည်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ (အောက်လွှတ်တော်) က ရွေးချယ်တင်မြှောက်ထားသူ ၂၆ ဦးနှင့် နိုင်ငံတော်အကြီးအကဲက ခန့်အပ်သူ ၄၄ ဦးတို့ဖြင့် ဖွဲ့စည်းထားရှိသည်။ လွှတ်တော်သက်တမ်းမှာ သုံးနှစ်ဖြစ်သည်။

### အောက်လွှတ်တော်

အောက်လွှတ်တော်တွင် ကိုယ်စားလှယ်စုစုပေါင်း ၂၂၃ ဦးရှိသည်။ ရွေးကောက်ပွဲကျင်းပ၍ ပြည်သူများက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ တစ်ဦးကို သီးခြားခန့်အပ်သည်။ လွှတ်တော်သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။

## ရွေးကောက်ပွဲသမိုင်း

### ကျင်းပသည့် ရွေးကောက်ပွဲများ

အောက်လွှတ်တော်ကိုယ်စားလှယ်များအတွက် အထွေထွေရွေးကောက်ပွဲများကိုလည်းကောင်း၊ လစ်လပ်ကိုယ်စားလှယ်နေရာများ ပေါ်ပေါက်လာပါက ကြားဖြတ်ရွေးကောက်ပွဲများကိုလည်းကောင်း အသီးသီး ကျင်းပပေးသည်။

### ရွေးကောက်ပွဲစနစ်

မလေးရှားနိုင်ငံတွင် မဲများသူအနိုင်ရသည့်စနစ်ဖြစ်သည့် First Past The Post စနစ်ကို ကျင့်သုံး၍ အောက်လွှတ်တော် ကိုယ်စားလှယ်များကို ပြည်သူများက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။

### ရွေးကောက်ပွဲများတွင် ဖြစ်ပွားခဲ့သည့်ထူးခြားဖြစ်စဉ်များ

၂၀၁၈ ခုနှစ် ရွေးကောက်ပွဲသည် မလေးရှားနိုင်ငံ၏ နိုင်ငံရေးအသိုက်အဝန်း၌ အကြီးမားဆုံးသော ပြောင်းလဲမှုတစ်ခုဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ပြိုင်ဘက်အတိုက်အခံတစ်ခုဖြစ်သည့် Pakatan Harapan (PH) ညွန့်ပေါင်းအဖွဲ့သည် Sabah Heritage Party (WARISAN) နှင့်အတူ အောက်လွှတ်တော်တွင် ပါတီနှစ်ခုပေါင်း ၁၂၁ နေရာကို အနိုင်ရရှိခဲ့သည်။ ထိုသို့ ကိုယ်စားလှယ်နေရာ အများအပြားရရှိမှုသည် မလေးရှားနိုင်ငံသမိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်ပြီး အာဏာရပါတီကို ရွေးကောက်ပွဲအပြီးတွင် ဖြုတ်ချနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ Barisan Nasional (BN) ညွန့်ပေါင်းအဖွဲ့သည် မလေးရှားနိုင်ငံ လွတ်လပ်ရေးရပြီး ၁၉၅၇ ခုနှစ်ကတည်းက နိုင်ငံအပေါ် အစဉ်တစိုက် အုပ်ချုပ်လာခဲ့ရာမှ ယခုရွေးကောက်ပွဲအပြီး၌ အဆုံးသတ်သွားခဲ့ခြင်း ဖြစ်သည်။ PH ၏ ခေါင်းဆောင်ဖြစ်သူ မဟာသီယာမိုဟာမက်သည် ယခင်က မလေးရှားနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ၁၉၈၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ရွေးကောက်ပွဲအပြီး တစ်ရက်အကြာ မေ ၁၀ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြန်လည်ကျမ်းသစ္စာကျိန်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ အသက် ၉၃ နှစ်ရှိပြီဖြစ်သော မဟာသီယာသည် ကမ္ဘာ့အသက်အကြီးဆုံး ရွေးကောက်ခံအစိုးရအကြီးအကဲလည်း ဖြစ်လာခဲ့သည်။ Najib ဦးဆောင်သော Barisan Nasional (BN) သည် ကိုယ်စားလှယ်နေရာ ၇၉ နေရာကို ရယူထားပြီး ကိုယ်စားလှယ်နေရာ ၁၈ နေရာ အနိုင်ရထားသော Gagasan Sejahtera (GS) နှင့်အတူ ဖက်ဒရယ်အတိုက်အခံသစ် ဖြစ်လာခဲ့သည်။ United Sabah Alliance (USA) က အမတ်နေရာ သုံးနေရာရရှိခဲ့ပြီး တစ်သီးပုဂ္ဂလ နိုင်ငံရေးသမားများက သုံးနေရာ အနိုင်ရခဲ့သည်။ ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲသည် ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံး၌ အဆိုးရွားဆုံး နိုင်ငံရေးအရှုပ်အထွေးများထဲမှ တစ်ခုအဖြစ်ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ခံခဲ့ရသည်။

### ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းမှု၊ ဗဟိုနှင့် အဖွဲ့ခွဲများဖွဲ့စည်းပုံ

မလေးရှားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၄ အရ ၁၉၅၇ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် ဖွဲ့စည်းခဲ့သည်။ စတင်ဖွဲ့စည်းစဉ်အတွင်း ရွေးကောက်ပွဲကော်မရှင်တွင် ဥက္ကဋ္ဌတစ်ဦးနှင့် အဖွဲ့ဝင်နှစ်ဦးသာ ပါဝင်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ကော်မရှင်အဖွဲ့ဝင်ဦးရေ သုံးဦးအထိ တိုးမြှင့်ခဲ့သည်။ နောက်ထပ်အဖွဲ့ဝင်သည် Sabah သို့မဟုတ် Sarawak ပြည်နယ်မှဖြစ်ပြီး အလှည့်ကျဖြင့် ခန့်အပ်ခြင်းခံရသည်။ ၁၉၈၁ ခုနှစ်တွင် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၁၄ အရ ဒုတိယဥက္ကဋ္ဌကို ခန့်အပ်တာဝန်ပေးခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်အဖြစ် လူခုနစ်ဦးအထိ တိုးမြှင့်အတည်ပြုခဲ့သည်။ ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ တစ်ဦးနှင့် Sabah နှင့် Sarawak တို့မှ အဖွဲ့ဝင် တစ်ဦးစီအပါအဝင် အဖွဲ့ဝင်ငါးဦးစီ ပါဝင်သည်။ ၎င်းတို့၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အတွက် ရွေးကောက်ပွဲကော်မရှင်က အတွင်းရေးမှူးတစ်ဦး ဦးဆောင်သော အတွင်းရေးမှူးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့သည်။ အတွင်းရေးမှူးသည် အတွင်းဝန်ရုံးတွင် စီမံခန့်ခွဲရေးမှူးအဖြစ် ဆောင်ရွက်သည်။

### ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းမှုနှင့် ပြင်ဆင်မှုများ

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများနှင့်စနစ်များကို ပြန်လည်သုံးသပ်ရန် ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကော်မတီ (ERC) ကို အစိုးရက ဖွဲ့စည်းခဲ့သည်။ ERC သည် အားလုံးအတွက် "လွတ်လပ်၊ တရားမျှတပြီး သန့်ရှင်းသော" ရွေးကောက်ပွဲများကို အခြေခံ၍ ဒီမိုကရေစီစနစ် အားကောင်းခိုင်မာလာစေရန် အခြားဒီမိုကရေစီနိုင်ငံများတွင် ကျင့်သုံးသည့် ရွေးကောက်ပွဲစနစ်များကို လေ့လာမည်ဖြစ်သည်။ ERC ၏ ရည်ညွှန်း စည်းကမ်းချက်များတွင်ရွေးကောက်ပွဲဆိုင်ရာဥပဒေများနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များတွင်ပါဝင်သည့် အခြားဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ လူမှုရေးစနစ်နှင့် လျော်ညီသော ရွေးကောက်ပွဲစနစ်တစ်ခုဖန်တီးရန် လိုအပ်ကြောင်း ပြန်လည်သုံးသပ်ခြင်းအပြင် ရွေးကောက်ပွဲဥပဒေတစ်ရပ် ဖန်တီးရာတွင် နိုင်ငံတကာရွေးကောက်ပွဲ စီမံခန့်ခွဲမှုစံနှုန်းဆိုင်ရာ အကြံပြုချက်များလည်း ပါဝင်သည်။

စာမျက်နှာ ၁၁ သို့ ❖

❖ စာမျက်နှာ ၁၀ မှ

နိုင်ငံရေးပါတီများ မှတ်ပုံတင်ရန်နှင့် ထိန်းညှိရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ကို အာဏာပေးအပ်ရန်၊ ဥပဒေ တစ်ရပ်ထူထောင်ရန် လိုအပ်ကြောင်း အထူးကော်မတီက ပြန်လည် သုံးသပ်ရန် ဆောင်ရွက်လျက်ရှိသည်။

## လက်ရှိကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များ

မလေးရှားနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေ (၁၉၅၈ ခုနှစ်)၊ ရွေးကောက်ပွဲကျူးလွန်မှုများအက်ဥပဒေ (၁၉၅၄ ခုနှစ်)၊ ရွေးကောက်ပွဲကျင့်ဝတ် (၁၉၈၁ ခုနှစ်)၊ မဲဆန္ဒရှင်များ မှတ်ပုံတင်ခြင်းနည်းဥပဒေ (၂၀၀၂ ခုနှစ်) နှင့် စာတိုက်မှတစ်ဆင့် မဲပေးခြင်းဆိုင်ရာ စည်းမျဉ်းများ (၂၀၀၃ ခုနှစ်) တို့ကို အခြေခံ၍ ရွေးကောက်ပွဲများကို ကျင်းပလျက်ရှိသည်။

## လွှတ်တော်ကိုယ်စားလှယ်လောင်းများဆိုင်ရာ

ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းသည့်နေ့တွင် နံနက် ၉ နာရီမှ ၁၀ နာရီကြားတွင် ကိုယ်စားလှယ်လောင်းများ၊ အဆို ပြုသူများ သို့မဟုတ် ထောက်ခံသူများ သို့မဟုတ် သုံးဦးစလုံးထံမှ အဆိုတင်သွင်းလွှာများကို စီမံခန့်ခွဲရေးအရာရှိက တစ်ကြိမ်တည်း လက်ခံရမည်ဖြစ်သည်။ အမည်စာရင်းတင်သွင်းခြင်းပုံစံ မိတ္တူ သုံးစောင်အပြင် ကိုယ်စားလှယ်လောင်းများ၊ အဆိုပြုသူများ သို့မဟုတ် ထောက်ခံသူများအနေဖြင့် အောက်လွှတ်တော်ကိုယ်စားလှယ်များ အတွက် ကိုယ်စားလှယ်လောင်းများအတွက် ပုံစံ-(၅) ဖြစ်သည့် ရွေးကောက်ပွဲအာမခံငွေနှင့် Statutory Account Form တို့ကိုလည်း ထည့်သွင်းရမည်ဖြစ်သည်။ ဤပုံစံများကို တံဆိပ်ခေါင်းခွန်ရုံးတွင် တံဆိပ်တုံးထုထားရန် လိုအပ်သည်။ စီမံခန့်ခွဲရေးအရာရှိသည် ပါဝင် ယှဉ်ပြိုင်ရန် အရည်အချင်းပြည့်မီသူများကို ကြေညာပေးမည်။ လျှောက်ထားသူတစ်ဦးတည်းသာ အရည်အချင်းပြည့်မီပါက ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေစရာမလိုဘဲ စီမံခန့်ခွဲရေး အရာရှိက အနိုင်ရရှိသူအား ကြေညာမည်ဖြစ်သည်။

## ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး

ကိုယ်စားလှယ်လောင်းများ သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ် များသည် ပိုစတာတပ်ဆင်ခြင်း၊ မိန့်ခွန်းများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် တစ်အိမ်တက်ဆင်း မဲဆွယ်စည်းရုံးခြင်းများပါဝင်သည့် မဲဆွယ်စည်းရုံးမှုများ စတင်နိုင်သည်။ ဤမဲဆွယ်စည်းရုံးရေးလှုပ်ရှား မှုကို မဲပေးသည့်နေ့မတိုင်မီ ညသန်းခေါင် ၁၂ နာရီအချိန်တွင် ရပ်တန့်ရပါ မည်။ မဲဆွယ်စည်းရုံးရေး ရည်ရွယ်ချက်အတွက် ကိုယ်စားလှယ်လောင်း များသည် လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးပစ္စည်း စပေါ် ငွေ RM 5,000 နှင့် လွှတ်တော်ရွေးကောက်ပွဲများအတွက် RM 3,000 ပေးဆောင်ရမည်ဖြစ်သည်။ ပိုစတာများတပ်ဆင်ရာတွင် လည်း ဒေသဆိုင်ရာအာဏာပိုင်များထံ ငွေအမြောက်အမြားပေးဆောင် ရမည်ဖြစ်သည်။ ကိုယ်စားလှယ်လောင်းများကို လေးပွင့်ဆိုင်ဆွေးနွေး ပွဲများ လုပ်ခွင့်ရရန် ရဲတပ်ဖွဲ့၏ ခွင့်ပြုချက်ရယူရန် လိုအပ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ

ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၉ ကို အခြေခံ၍ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများမှာ -

(က) မလေးရှားနိုင်ငံသားများ၊

( ခ ) အသက် ၂၁ နှစ်ပြည့်ပြီးသူ၊

( ဂ ) နိုင်ငံအတွင်း အခြေချနေထိုင်သူ (အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် လူနေအိမ်လိပ်စာရှိ ခြင်း) တို့ဖြစ်သည်။

မဲဆန္ဒရှင်အမျိုးအစားကို သာမန်မဲဆန္ဒရှင်များနှင့် ကြိုတင်ဆန္ဒ မဲပေးပိုင်ခွင့်ရှိသူများဟူ၍ နှစ်ပိုင်းခွဲထားသည်။ ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများမှာ တပ်မတော်သားများ၊ တပ်မတော်သားများ ၏ မိသားစုဝင်များ၊ Reserve Volunteer Police Force အဖွဲ့ဝင်များ မှလွဲ၍ အခြားရဲများ၊ စစ်ဆင်ရေး တပ်ဖွဲ့ရဲ၏ မိသားစုဝင်များ၊ နိုင်ငံရပ် ခြားတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံရပ်ခြား တွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများ၏ မိသားစုဝင်များ၊ နိုင်ငံခြားတွင် အချိန်ပြည့် ပညာသင်ကြားနေသော ကျောင်းသားများနှင့် ၎င်းတို့၏ အိမ်ထောင်ဖက်များဖြစ်ကြသည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ မဲဆန္ဒရှင်စာရင်းအသစ် ပြုစုခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။ မလေးရှား ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံသားဖြစ်ခွင့် စိစစ်ရေးနှင့် လူနေအိမ်လိပ်စာ အချက်အလက်အပါအဝင် အမျိုးသားမှတ်ပုံတင်ရေး ဌာနမှ ရရှိထားသော ကိုယ်ရေးကိုယ်တာ အချက်အလက်များအပေါ် အခြေခံ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အရည်အချင်းနှင့် ကိုက်ညီသောသူ အသက်(၁၈)နှစ်နှင့်အထက် နိုင်ငံသားများအား မဲစာရင်းထဲ၌ ထည့်သွင်း ပြုစုသည်။ မဲဆန္ဒရှင်တစ်ဦး၏ မဲဆန္ဒနယ်သတ်မှတ်ချက်သည် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ နောက်ဆုံးနေထိုင်သည့် လိပ်စာ ကို အခြေခံထားသည်။ မဲဆန္ဒရှင်အသစ်များအဖြစ် မှတ်ပုံတင်ထားသည့် နိုင်ငံသားများသည် အထွေထွေ သို့မဟုတ် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးခွင့်မရသေးမီ လစဉ်ဖြည့်စွက် မဲဆန္ဒရှင်စာရင်းတွင် အလို အလျောက် ထည့်သွင်းထားရသည်။ မဲဆန္ဒရှင်များသည် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနတွင် ၎င်းတို့၏ နေရပ်လိပ်စာကို ဦးစွာလက်ရှိ နေရပ်အတိုင်း ကိုက်ညီအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

အထက်ဖော်ပြပါ အမျိုးအစား ရှစ်မျိုးမှ မည်သူမဆို သို့မဟုတ် မလေးရှားနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူ မည်သူမဆို ပုံမှန် မဲဆန္ဒရှင် အမျိုးအစားအောက်တွင် မှတ်ပုံတင်ရန် မဲဆန္ဒရှင်အဆင့်/ အမျိုး အစား ပြောင်းလဲမှုအတွက် ပြန်လည်လျှောက်ထားရမည်ဖြစ်သည်။

မဲဆန္ဒရှင်ဆိုင်ရာအချက်အလက်များကို ပြောင်းလဲရန်နှင့် မဲဆန္ဒရှင်အမျိုးအစားလျှောက်လွှာများကို အောက်ပါလမ်းကြောင်း များမှ တင်သွင်းနိုင်သည် -

၁။ အွန်လိုင်းလင့်ခ် https://myspr.spr.gov.my ;

၂။ SPR ဌာနချုပ်၊

၃။ နိုင်ငံတစ်ဝန်းရှိ ပြည်နယ်ရွေးကောက်ပွဲရုံးများ၊

၄။ နိုင်ငံတစ်ဝန်းရှိ စာတိုက်များနှင့်

၅။ အစီအစဉ် Outreach SPR

အထွေထွေ သို့မဟုတ် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်သည် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရန် အရည်အချင်းပြည့်မီကြောင်း ထောက်ခံချက်မရရှိမီ ပုံစံ A မှတစ်ဆင့် လက်ခံရရှိသည့် ရွေးကောက်ပွဲ ဆိုင်ရာ ပြောင်းလဲမှုလျှောက်လွှာအားလုံးကိုစိစစ်ပြီး ပြန်လည်သုံးသပ် မည်ဖြစ်သည်။

## ဆန္ဒမဲပေးခြင်း

ဆန္ဒမဲပေးရာတွင် သတ်မှတ်ထားသောမဲပေးသည့်နေ့၌ မဲဆန္ဒရှင် စာရင်းတွင်ပါရှိသည့် မဲဆန္ဒရှင်များသည် သတ်မှတ်ထားသောမဲရုံများ တွင် မဲပေးကြရမည်။ ယေဘုယျအားဖြင့် ရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်ထားသောမဲပေးချိန်သည် မလေးရှားကျွန်းဆွယ်တစ်လျှောက် နံနက် ၈ နာရီမှ ညနေ ၆ နာရီကြားနှင့် Sabah နှင့် Sarawak တို့တွင် နံနက် ၇:၃၀ နာရီမှ ညနေ ၅:၃၀ နာရီအထိဖြစ်သည်။ သို့သော်လည်း လုံခြုံရေးအကြောင်းပြချက်များနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် မဲပေးချိန်တိုတောင်းသည့်နေရာများ အထူးသဖြင့် Sabah နှင့် Sarawak တို့တွင်လည်း အများအားဖြင့် မဲရုံတစ်ခုထက်မက ရှိတတ်သည်။ မဲရုံမှူးကဦးဆောင်ပြီး မဲရုံအဖွဲ့ဝင် နှစ်ဦးမှ လေးဦးအထိ ကူညီဆောင်ရွက်ပေးသည်။

တပ်မတော်သားများနှင့် အိမ်ထောင်ဖက်များ၊ ရဲဝန်ထမ်းများနှင့် မိသားစုဝင်များဖြစ်သည့် ကြိုတင်ဆန္ဒမဲပေးမည့်သူများအတွက် ကြိုတင်ဆန္ဒမဲပေးရန် သတ်မှတ်ထားသည့်နေ့တွင် မဲပေးကြရမည် ဖြစ်သည်။ စာတိုက်မှ ဆန္ဒမဲပေးရန် အရည်အချင်းပြည့်မီသော မဲဆန္ဒရှင်များအတွက် စာတိုက်မှတစ်ဆင့် မဲလက်မှတ်များကို ပေးပို့ သွားမည်ဖြစ်သည်။ သို့သော်လည်း အမှတ်အသားပြုထားသည့် စာတိုက်မှ မဲလက်မှတ်များအားလုံးကို မဲဆန္ဒပေးသည့်နေ့ ညနေ ၅ နာရီထက် နောက်မကျစေဘဲ စီမံခန့်ခွဲရေးအရာရှိက ပေးပို့ရမည် ဖြစ်သည်။

## ရွေးကောက်ပွဲရလဒ်များရေတွက်ခြင်းနှင့် ကြေညာခြင်း

### တရားဝင် မဲရေတွက်ခြင်း

မဲပေးခြင်းလုပ်ငန်းစဉ်ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် မဲရုံအကြီးအကဲ သည် မဲလက်မှတ်များကို ရေတွက်မည်ဖြစ်သည်။ ဤမဲရေတွက်မှုရလဒ် များကို ပုံစံ ၁၄ တွင် ထည့်သွင်းပေးမည်ဖြစ်သည်။ ပုံစံ ၁၄ အားလုံးကို တရားဝင်မဲစုစုပေါင်းပြုလုပ်ရန် စီမံခန့်ခွဲရေးအရာရှိထံ ပေးပို့မည်ဖြစ် သည်။ ဤပုံစံ ၁၄ ကို စစ်ဆေးပြီးနောက် အုပ်ချုပ်မှုအရာရှိသည် မှန်ကန်ကြောင်းတွေ့ရှိပါက အများသူငါ တစ်ဦးချင်းထံသို့ အသိပေး ကြေညာမည်ဖြစ်ပြီး သံသယရှိပါက ပုံစံ ၁၃ ဖြင့် ထပ်မံစစ်ဆေးရမည် ဖြစ်သည်။

### ရွေးကောက်ပွဲရလဒ်ကြေညာခြင်း

ပုံစံ ၁၄ နှင့် ၁၅ တို့ကို ဖြည့်စွက်ပြီးသည့်နောက် သီးခြားမဲအများစု ရရှိသည့် ကိုယ်စားလှယ်လောင်းအား ရွေးကောက်ပွဲဆိုင်ရာအုပ်ချုပ်မှု အရာရှိကကြေညာပြီး သက်ဆိုင်ရာမဲဆန္ဒနယ်၏ ရွေးကောက်ခံ ကိုယ်စားလှယ်အဖြစ် အတည်ပြုမည်ဖြစ်သည်။ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။ ရွေးကောက်ပွဲရလဒ်ကို မကျေနပ် သော မည်သည့်ပါတီမဆို ရွေးကောက်ပွဲတရားရုံးတွင် ရွေးကောက်ပွဲ အသနားခံစာ တင်သွင်းနိုင်သည်။

## ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများ

မလေးရှားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများကို ၁၉၅၅ ခုနှစ်မှ စ၍ ကျင်းပခဲ့ပြီး ၁၉၅၉ ခုနှစ်၊ ၁၉၆၄ ခုနှစ်၊ ၁၉၆၉ ခုနှစ်၊ ၁၉၇၄ ခုနှစ်၊ ၁၉၇၈ ခုနှစ်၊ ၁၉၈၂ ခုနှစ်၊ ၁၉၈၆ ခုနှစ်၊ ၁၉၉၀ ပြည့်နှစ်၊ ၁၉၉၅ ခုနှစ်၊ ၁၉၉၉ ခုနှစ်၊ ၂၀၀၄ ခုနှစ်၊ ၂၀၀၈ ခုနှစ်၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် အသီးသီးကျင်းပခဲ့သည်။

## နောက်ဆုံးကျင်းပခဲ့သည့် ရွေးကောက်ပွဲ

(၁၅) ကြိမ်မြောက် မလေးရှားနိုင်ငံ အထွေထွေရွေးကောက်ပွဲကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပခဲ့သည်။ မလေးရှားနိုင်ငံ ၏ (၁၅) ကြိမ်မြောက် ကျင်းပမည့်လွှတ်တော်အတွက် ကိုယ်စားလှယ် နေရာ ၂၂၂ နေရာအတွက် ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ရွေးကောက်ပွဲတွင် Pakatan Harapan (PH) ပါတီက ကိုယ်စားလှယ်နေရာ ၈၀ ကျော်ကိုလည်းကောင်း၊ Perikatna Nasional (PN) ပါတီက ကိုယ်စားလှယ်နေရာ ၇၀ ကျော်ကို လည်းကောင်း၊ Barisan Nasional (BN) ပါတီက ကိုယ်စားလှယ်နေရာ ၃၀ ကိုလည်းကောင်း၊ Gabungan Parti Sarawak (GPS) ပါတီက ကိုယ်စားလှယ်နေရာ ၂၀ ကိုလည်းကောင်း၊ အခြားပါတီများက ကိုယ်စားလှယ်နေရာ ၁၀ ကျော်ကိုလည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ ကြောင်း တွေ့ရှိရသည်။

## နိဂုံး

မလေးရှားနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်း ရာ၌ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် မဲဆန္ဒရှင်ပြည်သူ တို့၏ ရပိုင်ခွင့်များကို အလေးထားဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီ နည်းလမ်းကျသော ရွေးကောက်ပွဲများကျင်းပကာ ဒီမိုကရေစီလမ်းစဉ် ရှင်သန်အားကောင်းလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> ❝ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ မဲဆန္ဒရှင်စာရင်းအသစ်ပြုစုခြင်းလုပ်ငန်းကို စတင်ဆောင်ရွက် ခဲ့သည်။ မလေးရှားရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံသားဖြစ်ခွင့် စိစစ်ရေးနှင့် လူနေအိမ်လိပ်စာ အချက်အလက် အပါအဝင် အမျိုးသားမှတ်ပုံတင်ရေးဌာနမှ ရရှိထားသော ကိုယ်ရေးကိုယ်တာအချက်အလက်များအပေါ် အခြေခံ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အရည်အချင်းနှင့်ကိုက်ညီသောသူ အသက်(၁၈)နှစ်နှင့်အထက် နိုင်ငံသား များအား မဲစာရင်းထဲ၌ ထည့်သွင်းပြုစုသည်။ မဲဆန္ဒရှင်တစ်ဦး၏ မဲဆန္ဒနယ်သတ်မှတ်ချက်သည် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန၏ နောက်ဆုံးနေထိုင်သည့်လိပ်စာကို အခြေခံထားသည်။ မဲဆန္ဒရှင်အသစ်များအဖြစ် မှတ်ပုံတင်ထားသည့် နိုင်ငံသားများသည် အထွေထွေ သို့မဟုတ် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးခွင့်မရသေးမီ လစဉ်ဖြည့်စွက် မဲဆန္ဒရှင်စာရင်းတွင် အလိုအလျောက် ထည့်သွင်းထားရသည်။ မဲဆန္ဒရှင်များသည် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနတွင် ၎င်းတို့၏ နေရပ်လိပ်စာကို ဦးစွာလက်ရှိနေရပ်အတိုင်း ကိုက်ညီအောင် ဆောင်ရွက် ရမည် ❞

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၄၁၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၉-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၄၁၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၁၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၅၁,၇၈၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၈၀၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၈၁၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၂) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ရွှေကျင်မြို့နယ်၌ ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံ / တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှုများဆောင်ရွက်

ရွှေကျင် မေ ၂၉

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မွေးကင်းစကလေးငယ်များနှင့်အသက် နှစ်လမှ သုံးနှစ်အရွယ်အထိ ကလေးငယ်များအား ကူးစက်ရောဂါဖြစ်ပွားမှုမှ ကင်းဝေးစေရန် အသက်အရွယ်အလိုက် ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းများကို ကျွဲတဲရပ်ကွက် ခုတင်(၁၀၀)ပြည်သူ့ဆေးရုံ၌ ယနေ့ နံနက် ၁၀ နာရီမှစ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကလေးငယ်များအား ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးခြင်းကို ဆေးရုံအုပ် ဒေါက်တာသိန်းနိုင်လင်း၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်နှင့်ကျေးရွာများရှိ ကာကွယ်ဆေးထိုးနှံရန် ပျက်ကွက်ခဲ့သော မွေးကင်းစကလေးငယ်များနှင့် အသက် နှစ်လအရွယ်မှ သုံးနှစ်အရွယ်အထိ ကလေးငယ်များအား ပြန်လည်ခေါ်ယူ၍ ပုံမှန်ကာကွယ်ဆေးများဖြစ်သော ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယို၊ အကြောသေ၊ ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ (၁၀)မျိုးနှင့် ကာကွယ်ဆေးများ ထိုးနှံ/တိုက်ကျွေးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုကို မေ ၂၄ ရက်မှ ၃၀ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ကျုံပျော်ခရိုင်အတွင်း သမဝါယမစနစ်ဖြင့် ပီလောပီနံစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် မေ ၂၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့ နံနက်ပိုင်းက ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပန်းပင်ချောင်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေ (VDP) ဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာတွင်းလမ်း ပေ ၂၄၀၀ ကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်ခဲ့မှုများ ရှင်းလင်းတင်ပြမှုနှင့် ကျေးရွာသူကျေးရွာသားများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များ တင်ပြမှုကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်**

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျုံပျော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံရာ ဒုတိယဝန်ကြီးက ဦးစီးဌာနအလိုက် ဌာနတွင်းစည်းလုံးညီညွတ်မှု တည်ဆောက်ရန်၊ အဂတိတရားကင်းရှင်းရန်၊ ရုံးအဆောက်အအုံများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် လုပ်ငန်းများဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးခဲ့ပြီး ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျုံပျော်ခရိုင် အထောင်မြို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ပီလောပီနံ စိုက်ပျိုးထုတ်လုပ်မည့် တောင်သူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ဒုတိယဝန်ကြီးက သွင်းအားစုများ အချိန်မီဖြန့်ဖြူးပေးရန်၊ စိုက်ပျိုးရေးသမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ရန်၊ ပီလောပီနံစိုက်ကေများ တိုးချဲ့စိုက်ပျိုးရန် မှာကြားပြီး စံချိန်စံညွှန်းပြည့်ဝသည့် ပီလောပီနံ အမှုန့်ကြိတ်စက်များ တည်ဆောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကံစပ်ရာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးစည်သူအောင်က ပီလောပီနံ တန် ၁၀၀ ကျ စက်ရုံတည်ဆောက်မည့် အစီအစဉ်များနှင့် ပီလောပီနံ စိုက်ပျိုးထုတ်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြပြီး အသင်းသား တောင်သူများနှင့် ဒေသခံပြည်သူများ၏ လုပ်ငန်းလိုအပ်ချက်များ၊ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များ တင်ပြမှုကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၂၉

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မိုး/ဇလ

# ကျောက်တံခါးမြို့၌ ကာကွယ်ဆေးထိုးနှံခြင်းရက်သတ္တပတ်အဖြစ် ကာကွယ်ဆေးထိုးနှံ / တိုက်ကျွေး

ကျောက်တံခါး မေ ၂၉

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ကမ္ဘာလုံးဆိုင်ရာကလေးသူငယ်များ ကာကွယ်ဆေးထိုးနှံခြင်း ရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေးထိုးနှံရခြင်း မရှိသေးသော ကလေးငယ်များအား ယမန်နေ့မှစ၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းကို မေ ၂၈ ရက်မှ ၂၉ ရက်အထိ အသက် တစ်နှစ်အောက်ကလေးငယ်များ၊ အသက် တစ်နှစ်မှ နှစ်နှစ်အထိ ကလေးငယ်များ၊ နှစ်နှစ်မှ သုံးနှစ်အထိ ကလေးငယ်များအား မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကာကွယ်ဆေးငါးမျိုးကို ထိုးနှံ၊ တိုက်ကျွေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ အာဖရိကနိုင်ငံလေးနိုင်ငံသို့ ခရီးစဉ်စတင်



တိုကျို မေ ၂၉

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် အာဖရိက နိုင်ငံလေးနိုင်ငံသို့ အာဖရိကနိုင်ငံ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် တိုကျိုမြို့ ဟာနီဒါလေဆိပ်မှ အီဂျစ်နိုင်ငံသို့ ယနေ့ထွက်ခွာခဲ့ကြောင်း သိရသည်။

ခုနစ်ရက်ကြာ ခရီးစဉ်အတွင်း အီဂျစ်၊ ဂါနာ၊ ကင်ညာနှင့် မိုဇမ်ဘစ်နိုင်ငံများသို့ သွားရောက်မည်ဖြစ်သည်။ အဆိုပါခရီးစဉ်ပြီးနောက် စင်ကာပူနိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

အီဂျစ်၊ ဂါနာ၊ ကင်ညာနှင့် မိုဇမ်ဘစ်နိုင်ငံတို့သည် Global South ဟုခေါ်သော ဩဇာကြီးမားသော နိုင်ငံအုပ်စု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် ရာထူးတာဝန်များ စတင်တာဝန်ယူပြီးနောက် ဝန်ကြီးချုပ် ကီရှီဒါ၏ ပထမဆုံး အာဖရိကခရီးစဉ်ဖြစ်သည်။

ယူကရိန်းအရေးအပါအဝင် ကမ္ဘာလုံးဆိုင်ရာပြဿနာများနှင့်ပတ်သက်၍ အာဖရိကခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်လိုကြောင်း ဝန်ကြီးချုပ် ကီရှီဒါက ခရီးစဉ်မစတင်မီ သတင်းထောက်များကို ပြောကြားသည်။

အစားအစာနှင့် စွမ်းအင်ကဲ့သို့သော နယ်ပယ်များတွင် Global South နှင့် ဂျပန်နိုင်ငံ၏ ဆက်ဆံရေးကို မြှင့်တင်စေလိုကြောင်း ကီရှီဒါက ဆိုသည်။

ထို့ပြင် ဆူဒန်နိုင်ငံ၏ လုံခြုံရေးအခြေအနေ တည်ငြိမ်စေရန် ပူးပေါင်းဆောင်ရွက်မှုကိုလည်း ကြိုးပမ်းမြှင့်တင်သွားမည်ဖြစ်ကြောင်း ကီရှီဒါက ဆိုသည်။ ဝန်ကြီးချုပ်သည် ၎င်း၏ခရီးစဉ် ပထမအကြိမ်တွင် အီဂျစ်သမ္မတအယ်စီစီနှင့် တွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – အောင်ကျော်ကျော်

# ဉာဏ်ရည်တုနည်းပညာ (AI)ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုမှုနှင့် ထိန်းချုပ်ရန် နည်းလမ်းကောင်းများကို အလေးပေးဆွေးနွေး

တိုကျို မေ ၂၉

ကမ္ဘာ့စက်မှုထိပ်သီး ခုနစ်နိုင်ငံ(G7)၏ ဒစ်ဂျစ်တယ်နှင့်နည်းပညာဝန်ကြီးများက ဉာဏ်ရည်တုနည်းပညာ (AI)ကို လျင်မြန်စွာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမှုနှင့် ၎င်းအားထိန်းချုပ်ရန် နည်းလမ်းကောင်းများကို အလေးပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ဒစ်ဂျစ်တယ်နှင့်နည်းပညာဆိုင်ရာ G7 ဝန်ကြီးများ၏ နှစ်ရက်ကြာအစည်းအဝေးကို ဂျပန်နိုင်ငံ တိုကျိုမြို့မြောက်ဘက် တာကာဆာကီမြို့၌ ကျင်းပလျက်ရှိပြီး ဂျပန်နိုင်ငံက သဘာပတိအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အစည်းအဝေး၌ ဝန်ကြီးများက ဉာဏ်ရည်တုနည်းပညာ(AI)နှင့် နယ်စပ်ဖြတ်ကျော် ဒေတာစီးဆင်းမှုများကို အဓိကထား ဆွေးနွေးသွားမည်ဖြစ်သည်။




AI ကဲ့သို့သော နည်းပညာ၏ အပျက်သဘောဆောင်သည့် အကျိုးသက်ရောက်မှုများသည် လူမှုရေးဆိုင်ရာ ပြောင်းလဲမှုများကို ဆောင်ကြဉ်းပေးနိုင်သည့် ဆိုးကျိုးများအပေါ် လျင်မြန်စွာ အကဲဖြတ်ရန်နှင့် ၎င်းတို့အား ကောင်းမွန်စွာ တုံ့ပြန်သွားရန်လိုအပ်ကြောင်း ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး နီရှီမူရာ ယာဆူတိုရှီက ဆွေးနွေးပြောကြားသည်။

ဖွံ့ဖြိုးတိုးတက်မှုနှင့် သင့်လျော်သော နည်းပညာအသုံးပြုမှုကို ပိတ်ပင်ဟန့်တားခြင်းမရှိစေဘဲ ၎င်း၏ သက်ရောက်မှု ဆိုးကျိုးများကိုသာ တတ်နိုင်သမျှ ကိုင်တွယ်ဖြေရှင်းသင့်ကြောင်းလည်း ၎င်းက ဆိုသည်။

မကြာသေးမီရက်များအတွင်း နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကြောင့် ဒေတာအလွဲသုံးစားမှုနှင့် သတင်းအတုများ ပျံ့နှံ့မှုနှင့်အတူ အချက်အလက်များ ပေါက်ကြားမှုတို့အပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့သည်။

ဂျပန်နှင့် အခြားနိုင်ငံများက AI ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အသုံးပြုမှု၏ အရေးပါပုံကို အလေးပေးဆောင်ရွက်လျက်ရှိစဉ် ဥရောပနိုင်ငံများက AI နည်းပညာဆိုင်ရာ စည်းမျဉ်းများနှင့် ဥပဒေများ ချမှတ်သွားရန် အရေးကြီးကြောင်း ထင်မြင်ယူဆလျက်ရှိသည်။

ဝန်ကြီးများက AI ဖွံ့ဖြိုးတိုးတက်မှုနှင့် အသုံးပြုမှုကို မြှင့်တင်ရန် ယနေ့အစည်းအဝေး၌ သဘောတူညီခဲ့ကြသည်။ ထို့ပြင် ဝန်ကြီးများသည် ဒေတာအခမဲ့စီးဆင်းမှုစနစ် အကောင်အထည်ဖော်ဆောင်ရန်အတွက် စည်းမျဉ်းများချမှတ်ရန် အစီအစဉ်များကိုလည်း ဆွေးနွေးခဲ့သည်။

ဒီမိုကရေစီတန်ဖိုးများကို အခြေခံ၍ စည်းမျဉ်းများ ရေးဆွဲမည့် နည်းလမ်းများကို ဆက်လက်ဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – အောင်ကျော်ကျော်

# ဂါနာနိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် ကုလသမဂ္ဂက အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထောက်ပံ့မည်

ကုလသမဂ္ဂ မေ ၂၉

ကုလသမဂ္ဂနှင့် ဂါနာနိုင်ငံအစိုးရတို့အကြား မေ ၂၈ ရက်က ချုပ်ဆိုခဲ့သည့် သဘောတူညီချက်တစ်ရပ်အရ ကုလသမဂ္ဂက ဂါနာနိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ အထောက်အပံ့ပေးရန် ကတိကဝတ်ပြုခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

**အဓိကအရေးပါသည့်ဆောင်ရွက်ချက်တစ်ရပ်ဖြစ်**

အဆိုပါသဘောတူညီချက်သည် ဂါနာနိုင်ငံရှိ ကုလသမဂ္ဂ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စီမံကိန်းများကို အကောင်အထည်ဖော်ရန်အတွက် အဓိကအရေးပါသည့် ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်း ဂါနာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးမှူး ချားလက်စ်အာဘာနီက သဘောတူညီချက်ဆိုင်ရာ လက်မှတ်ရေးထိုးပွဲတွင် ပြောကြားခဲ့သည်။

**အလေးထားပြောကြား**

ကုလသမဂ္ဂ၏ ပံ့ပိုးကူညီမှုသည် ဂါနာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်အတွက် ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းတစ်ရပ်၏ ယုံကြည်မှုကို ပြသနေခြင်းဖြစ်ကြောင်း ဂါနာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး မိုဟာမက်အာမင်အာဒမ်က အလေးထားပြောကြားခဲ့သည်။

ယခုမိမိတို့ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ အောင်မြင်စေရန်ဖြစ်ပြီး ဂါနာအစိုးရ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များဆိုင်ရာ အသွင်ကူးပြောင်းရေးအစီအစဉ်ကို အကောင်အထည်ဖော်နိုင်စေမည်ဖြစ်ကြောင်း ဂါနာနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး မိုဟာမက်အာမင်အာဒမ်က ပြောကြားခဲ့သည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အလင်းသစ်

# အမေရိကန်နိုင်ငံ၌ ယခုတုပ်ကွေးရာသီအတွင်း တုပ်ကွေးရောဂါကြောင့် ကလေးငယ် ၁၄၅ ဦးသေဆုံး

လော့စ်အိန်ဂျလိစ် မေ ၂၉

အမေရိကန်နိုင်ငံ၌ ယခုတုပ်ကွေးရာသီအတွင်း လက်ရှိအချိန်အထိ တုပ်ကွေးရောဂါကြောင့် ကလေးငယ် ၁၄၅ ဦး သေဆုံးခဲ့ကြောင်း အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက မေ ၂၈ ရက်တွင် ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံ၌ တုပ်ကွေးရောဂါဖြစ်ပွားသူ အနည်းဆုံး ၂၆ သန်းရှိပြီး ၂၉၀၀၀၀ သည် ဆေးရုံတက်ရောက်ဆေးဝါးကုသမှုခံယူခဲ့ရကာ လူဦးရေစုစုပေါင်း ၁၉၀၀၀ သေဆုံးခဲ့ကြောင်း သိရသည်။

မေ ၂၂ ရက်တွင် ကုန်ဆုံးခဲ့သည့် နောက်ဆုံးသီတင်းပတ်အတွင်းမှာပင် တုပ်ကွေးရောဂါကြောင့် လူပေါင်း ၁၀၀၀ နီးပါး ဆေးရုံတက်ရောက်ဆေးဝါးကုသမှုခံယူခဲ့ရကြောင်း အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

ထို့ကြောင့် အမေရိကန်နိုင်ငံရှိ အသက်ခြောက်လနှင့်အထက် အသက်အရွယ်ရှိသူအားလုံးအနေဖြင့် တုပ်ကွေးရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နိုင်ရန် ပုံမှန်တုပ်ကွေးရောဂါ ကာကွယ်ဆေးကို ထိုးနှံခြင်းပြုလုပ်ရေး အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက အကြံပြုထားကြောင်း သိရသည်။



ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်

# အီတလီနိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာသုံး chatbot ChatGPT ကို ပြန်လည်အသုံးပြုခွင့်ပေးမည်

ရောမ မေ ၂၉

အီတလီအာဏာပိုင်များက ဉာဏ်ရည်တုနည်းပညာသုံး chatbot ChatGPT ကို နိုင်ငံအတွင်း ပြန်လည်အသုံးပြုခွင့်ပေးမည် ဖြစ်ကြောင်း သိရသည်။ အီတလီနိုင်ငံ၏ သတင်းအချက်အလက်ကာကွယ်ရေး အရာရှိများက ၎င်းတို့သည် မျိုးဆက်သစ် ChatGPT ကို ပြန်လည်စတင်ခွင့်ပြုမည်ဖြစ်ကြောင်း မေ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

ဉာဏ်ရည်တု နည်းပညာသုံး chatbot ChatGPT ကို အသုံးပြုရာတွင် ၎င်း၏ အချက်အလက်များ စုဆောင်းဖော်ပြမှုသည် ကိုယ်ရေးကိုယ်တာ အချက်အလက်များဆိုင်ရာ အီတလီဥပဒေများကို ချိုးဖောက်နိုင်သည်ဟု အာဏာပိုင်များက ပြီးခဲ့သည့်လတွင် ကြေညာခဲ့ပြီးနောက် ChatGPT ကို နိုင်ငံအတွင်း အသုံးပြုမှု ယာယီပိတ်ပင်ခဲ့သည်။ အာဏာပိုင်များသည် အချက်အလက်များ ကာကွယ်ရေးနှင့် ပတ်သက်သော ပြဿနာများကို ဖြေရှင်းရန် ChatGPT ကို တီထွင်သည့် US startup ဖြစ်သော OpenAI ကို အသိပေးပြောကြားခဲ့သည်။

OpenAI မှ တာဝန်ရှိသူများက ၎င်းတို့၏ စနစ်တွင် ကိုယ်ရေးကိုယ်တာအချက်အလက်များ စုဆောင်းပုံနှင့် အသုံးပြုပုံကို ရှင်းလင်းပြောကြားသည်။ ထို့ပြင် ကလေးများကို ကာကွယ်ရန်အတွက် တင်းကျပ်သော အသက်ကန့်သတ်ချက်ဆိုင်ရာ စစ်ဆေးခြင်း အစီအမံများကို ချမှတ်ထားကြောင်းလည်း OpenAI မှ တာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားသည်။ အီတလီအာဏာပိုင်များ၏ ChatGPT အသုံးပြုမှုဆိုင်ရာ ဆုံးဖြတ်ချက်သည် ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးမှုများအပေါ် သက်ရောက်မှုရှိနိုင်သည်။

AI နည်းပညာသည် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကာကွယ်ရန်နှင့် ဒေတာပေါက်ကြားမှုကို ကာကွယ်ရန် အစီအမံများ နည်းပါးနေသေးသည်ဟုလည်း အချို့က ဆိုသည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – အောင်ကျော်ကျော်

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ




MITT ဆိပ်ကမ်း၌ သိမ်းဆည်းရမိသည့် ကုန်ပစ္စည်းများကို တွေ့ရစဉ်။

နေပြည်တော် ဧပြီ ၂၉

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဧပြီ ၂၇ ရက်တွင် အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ လိုင်စင်မဲ့ယာဉ် ဖမ်းဆီးရမိရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှိုင်သာယာ-အရှေ့ပိုင်းမြို့နယ် တွံတေးလမ်း ပန်းလှိုင်တံတားအနီး၌ လိုင်စင်မဲ့ Toyota Mark II ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ဧပြီ ၂၈ ရက်တွင် ရွာသာကြီးတိုးဂိတ်အနီး၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးအား စိစစ်၍ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲသို့ ခေါ်ယူစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Wai Wai Instant Rice Vermicelli ၆၀၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၉၄၅၅၁)ကို လည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် DONG FENG Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၇၆၉၄၅၅၁ ကိုသိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဧပြီ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံး အတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ ပါရှိလာသည့် Lincolnlift Passenger Lift Elevator တစ်ခု အပါအဝင် Passenger Lift Elevator Complete Set သုံးခု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ MITT ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Oasis Centrifugal Pump အလုံး ၁၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၅၀၀၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ယာဉ်တစ်စီးကို စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် Daraworld Lady Heeled Sandals ဖိနပ် အရန် ၄၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ZHONG TONG Bus ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၆၁၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧပြီ ၂၈ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က ကော့ကရိတ် (တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Duro Cycle Tyre အလုံး ၅၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲကိုးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၆၃၄၄၅၅၁ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မိုင်းပျဉ်း၊ တန့်ယန်းနှင့် မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ




စိုင်းအောင်စိန်၊ နာလိန်နှင့် စိုင်းဆွေဖူးတို့အား သိမ်းဆည်းရမိသည့် ကဖင်းများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဧပြီ ၂၉

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မိုင်းပျဉ်းမြို့နယ် ဝမ်ဖြစ်ကျေးရွာအနီး အိုက်တိန်မောင်းနှင်၍ အိုက်ငဲနှင့် နာလိန်တို့ လိုက်ပါလာသည့် SKAT ခြောက်ဘီးယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် အိုက်တိန်နှင့် အိုက်ငဲတို့နှစ်ဦးမှာ ယာဉ်ပေါ်မှ ခုန်ချထွက်ပြေးသွားသဖြင့် နာလိန်အား ထိန်းသိမ်း၍ ယာဉ်ကိုစစ်ဆေးရာဖွေရာ ငွေကျပ်သိန်း ၁၅၈၀ တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁၉၇၅ ကီလိုကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မိုင်းပျဉ်းမြို့နယ် ဝမ်ဖြစ်ကျေးရွာအုပ်စု လွန်ကျိုင်းကျေးရွာအနီးတွင် ကဖင်းများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် စိုင်းအောင်စိန်ကို ALPHARD ယာဉ်နှင့်လည်းကောင်း၊ စိုင်းဆွေဖူးကို MAZDA ယာဉ်နှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

**အရေးယူထား**

ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီခွဲတွင် တန့်ယန်းမြို့ ရပ်ကွက်(၅) တန့်ယန်း-မိုင်းကောင်သွားကားလမ်းတွင် ခမ်းအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ထိုနေ့ နံနက် ၄ နာရီခွဲတွင် မူဆယ်မြို့ ဟိုမွန်ရပ်ကွက်ရှိ ကျော်မင်းသူ(ခ) ကျော်ကျော်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲမြန်ကြား**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော
အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၄-၂၀၂၃ တနင်္ဂနွေနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်တရားတော်(မင်္ဂလသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ 'တစ်မူထူးခြားသစ်သားနှင့် Resin ပေါင်းစပ်မှုအလှတရား'
၀၉:၁၀ တရုတ်ကာတွန်း 'ဖြူစင်စိတ်လှ'(အပိုင်း-၈)
၀၉:၄၀ 'ရိုးရာအစစ်လက်မှုအနုစိုက်ရာ ဧနထိုးလုပ်ငန်း'
၁၀:၀၀ 'သတင်းသမားပြောတဲ့သတင်းစကား'
၁၀:၂၅ 'အကယ်ဒမီပွဲကြိုရုပ်ရှင်ဇာတ်ဝင်တေးများ' ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
၁၁:၄၀ အသိပညာနှင့်အမှန်တရား
၁၂:၃၀ This Week's Special Interest
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာ့ဂန္ထဝင်ရုပ်ရှင် 'ပုရူးပ' (ညွှန့်ဝင်း၊ ဝါဝါဝင်းရွှေ) (ဒါရိုက်တာ - ဝါဝါဝင်းရွှေ)
၁၆:၃၀ Economic Review
၁၇:၃၀ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ စကားဝိုင်းအစီအစဉ်(ပထမပိုင်း)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ အကယ်ဒမီပွဲကြိုရုပ်ရှင်ဇာတ်ဝင်တေးများ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၁၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ဘဝနှင့်အနုပညာ 'မောင်သော်တာနှင့် စကားမောင်နှင်းမိုးဖြစ်လာခဲ့သည့် ကိုတင်ကြီး' (အပိုင်း-၂)
၂၁:၂၅ ဆေးရောင်စုံရုပ်ရှင် 'ငအောင်မြင်သောငနှ' (စိုးသူ၊ ညွှန့်ဝင်း၊ စိုးမြတ်သူဇာ၊ တင့်တင့်ထွန်း) (ဒါရိုက်တာ - သက်မောင်မောင်)

### mitv

07:01 Evergreen Classic: Myitta (Kyawt Kay Khaing)
07:07 Innovative Handiworks Based On The Art Of Line Drawing
07:26 Natural Lake: Fish Breeding Business
07:40 A Traditional Food in Bagan: Pone Ye Gyi
07:40 Trishaw Man
08:01 News
08:28 Patchwork Bags
08:41 Myanmar Cultural Identities (Kinnari & Kinnara)
09:01 Myanmar Prehistory
09:27 Today Myanmar
09:36 Ecotourism: Pyarswal Elephant Camp And Mawlaik Golf Course
09:48 Bo Cho Island, Makyonegalet
10:01 News
10:27 Ancient Historical Kakku Pagoda

### MRTV NRC

ချင်း (ချိုး) (၀၆:၀၀ မှ ၀၇:၀၀)
ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၄)
မွန် (၀၇:၀၀ မှ ၀၉:၀၀)
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)
ဖြစ်တည်ထူးခြားစိတ်ဝင်စားဖွယ်ရာများ (မီးမြတိုက်)
ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)
လင်းခေးမြို့ရဲ့နာမည်ကြီးဟင်းရွက်စုံကြော်
'ဝ' (၁၃:၀၀ မှ ၁၅:၀၀)
မတူညီသောပုံရိပ်များ (အပိုင်း-၁) (ဇာတ်လမ်း)
ကချင် (၁၅:၀၀ မှ ၁၇:၀၀)
ကချင်ပြည်နယ်ခရီးသွားမှတ်တမ်း
ကယား (၁၇:၀၀ မှ ၁၉:၀၀)
မြပြင်ရှမြင်မြန်ပြည်တစ်ခွင်
ဝကကကရင် (၁၉:၀၀ မှ ၂၀:၀၀)
စွန့်ပစ်ဝှက်ပျော့မှ လူသုံးကုန်လက်မှုပညာဆီသို့
အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)
ကရင်ရိုးရာစောင်းတူရိယာ
အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)
ဖားစည်မြေမှ ရိုးရာအလှ (အပိုင်း-၂)
ချင်း (လိုင်ဇိုး) (၂၂:၀၀ မှ ၂၃:၀၀)
နာနတ်သီးနှင့် ကျန်းမာရေး

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၄၅ သက်ရှိလောက သာယာလှပဖို့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကြပါစို့
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၄၅ Next Level
၁၂:၁၅ စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ
၁၄:၀၀ MRTV National News
၁၄:၂၀ News Desk

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဒါက်'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၅)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၅)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၅ သုတဝေစည်တောင်သူဆီ
၀၇:၁၀ တန်ဖိုးမြင့်ထုတ်ကုန်ဖွံ့နှံ့ဆီအစွမ်း
၀၇:၃၀ မွေးမြူရေးရာအဖြာဖြာ
၀၈:၀၀ ဈေးကွက်ဝိုင်မာဝင်ငွေကောင်းဖို့ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်စို့
၀၈:၄၅ မြန်မာ့ဆီအိုးထဲမှနှမ်း
၀၉:၁၀ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အနောက်အုံကျေးရွာနေ အောင်သူထွန်းနှင့် ကုံးကျေးရွာနေ ကျော်ဘုန်းစံ(ခ)သားသားတို့သည် ၎င်းတို့အသုံးပြုသည့် “Aung Thu Htun” Facebook အကောင့်၊ “Thar Thar” Facebook အကောင့်၊ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နေ ရဲရင့်မင်းသွင်(ခ)ရဲရင့်သည် ၎င်းအသုံးပြုသည့် “Ye Yint Min Twin” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက်နေ အေးမြလင်းသည် ၎င်းအသုံးပြုသည့် “Aye Mya Linn” Facebook အကောင့်နှင့် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်နေ ရန်နောင်ဟိန်း(ခ)ယုန်လေးသည် ၎င်းအသုံးပြုသည့် “Yan Naung Hein” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အလုပ်တွင် ထိခိုက်ဒဏ်ရာရသေဆုံးမှုအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး

ပုသိမ် ဧပြီ ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသည့် အမှတ်(၅) ခါတ်မြေဩဇာစက်ရုံမှ အာမခံအလုပ်သမားလုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရသေဆုံးမှုကြောင့် လူမှုဖူလုံရေးကျန်ရစ်သူ အကျိုးခံစားခွင့် ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



ပုသိမ်မြို့ အမှတ်(၅) ခါတ်မြေဩဇာစက်ရုံမှ အာမခံအလုပ်သမား ဦးသိန်းဇော်သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၂ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရသေဆုံးမှုကြောင့် လူမှုဖူလုံရေးကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၁၁၇ သိန်းတိတိကို ဧရာဝတီတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံ အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက မိတ်ဖက်ဌာနများနှင့် တာဝန်ရှိသူများ ရှေ့မှောက်တွင် သေဆုံးသူ အာမခံအလုပ်သမား၏ဇနီးဖြစ်သူထံသို့ ပေးအပ်ခဲ့ပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ အကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

## မော်လမြိုင်ကျွန်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ကြဲပက်(ကွင်းသရုပ်ပြပွဲ)နှင့် မျိုးစေ့ပေးအပ်ပွဲအခမ်းအနား ပြုလုပ်

မော်လမြိုင်ကျွန်း ဧပြီ ၂၉

ဧရာဝတီ တိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ပုဂံပုံကျေးရွာအုပ်စု ပုဂံကျေးရွာ၌ ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ တွင် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ကြဲပက် (ကွင်းသရုပ်ပြပွဲ)နှင့် မျိုးစေ့ပေးအပ်ပွဲအခမ်းအနား ပြုလုပ်ခဲ့သည်။



ကြဲပက်

အဆိုပါလုပ်ငန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် တာဝန်ရှိသူများ၊ စိုက်တိုးမြှင့်အဖွဲ့များက တောင်သူဦးကိုနိုင်၏ ကွင်းအမှတ် (၁၂၆၄) ဦးပိုင်အမှတ် (၁/၂)ရှိ လယ်မြေတွင် သစ်စိမ်းမြေဩဇာ မျိုးစေ့များ ကြဲပက်ခဲ့ပြီး ဒေသခံတောင်သူများအား သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့ ၇၈ ဧကအတွက် တစ်ဧကလျှင် လေးပြည်နှုန်း ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အဖွဲ့ဝင် ဦးစောဝဏ္ဏ၊ အတွင်းရေးမှူး ရဲမှူးမိုးစိန်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဇော်၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အသိပေးနှိုးဆော်ချက်

ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် (၁၁၁၁၁)ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ရွှေတိဂုံစေတီတော် ရင်ပြင်တော်နှင့် ပြည်သူ့ရင်ပြင်တို့၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ၃၀-၄-၂၀၂၃ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းနှင့် ၂-၅-၂၀၂၃ ရက်နေ့တွင် အခမ်းအနားကျင်းပစဉ်အတွင်း နံနက် ၀၄:၀၀ အချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ ပြည်လမ်းအား ဟံသာဝတီအဝိုင်းမှ ဗိုလ်ချုပ်အောင်ဆန်းလမ်းထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဟံသာဝတီအဝိုင်းမှ ရွှေတိဂုံဘုရားလမ်းထိလည်းကောင်း၊ ရွှေတိဂုံဘုရားလမ်းအား ဦးထောင်ဘိုလမ်းမှ ဦးဝိစာရလမ်းထိပ်ထိလည်းကောင်း၊ အလုံလမ်းအား ဗဟိုလမ်းမှ ရွှေတိဂုံဘုရားလမ်းထိလည်းကောင်း၊ မြို့မကျောင်းလမ်းအား အလုံလမ်းမှ မင်းရဲကျော်စွာလမ်းထိလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှ တောင်သို့ မောင်းနှင်လာသောယာဉ်များသည် ဟံသာဝတီအဝိုင်းတွင် ယာဘက်သို့ ချိုးကွေ့၍ ဟံသာဝတီလမ်းမှ အထက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ဗိုလ်ချုပ်အောင်ဆန်းလမ်းတွင် ဝဲဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ဦးဝိစာရလမ်းသို့ မောင်းနှင်လာသောယာဉ်များသည် ဟံသာဝတီအဝိုင်းမှ ဟံသာဝတီလမ်း၊ အထက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ရွှေတိဂုံဘုရားလမ်းသို့ မောင်းနှင်လာသောယာဉ်များသည် ဦးထောင်ဘိုလမ်းမှ ဗဟန်းအဝိုင်းသို့လည်းကောင်း၊ အလုံလမ်းသို့ မောင်းနှင်လာသောယာဉ်များသည် ဗဟိုလမ်းအတိုင်းလည်းကောင်း၊ မြို့မကျောင်းလမ်းသို့ မောင်းနှင်လာသောယာဉ်များသည် မင်းရဲကျော်စွာလမ်းသို့လည်းကောင်း ပြောင်းလဲမောင်းနှင်ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**



# အကြိမ်(၃၀)မြောက် မုတ်သုံဖိုရမ်ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြိမ်(၃၀)မြောက် မုတ်သုံဖိုရမ်ဆွေးနွေးပွဲကို ယမန်နေ့က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

မုတ်သုံဖိုရမ်ဆွေးနွေးပွဲတွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းရာသီကာလအတွက် ထုတ်ပြန်ပေးခဲ့သည့် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ယေဘုယျခန့်မှန်းချက်များ၊ အဆိုပါကာလအတွက် စိုက်ပျိုးရေး မိုးလေဝသအခြေအနေများ၊ ၂၀၂၃ ခုနှစ် မိုးရာသီကာလ (အနောက်တောင်မုတ်သုံရာသီကာလ) အတွက် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ယေဘုယျခန့်မှန်းချက်များနှင့် အယ်လ်နီညိုရာသီဥတု အခြေအနေများအား တာဝန်ရှိသူများက သုံးသပ်ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသော ဌာနများမှ တာဝန်ရှိသူများက ဆောင်းရာသီကာလအတွင်း တွေ့ကြုံခဲ့သောအခြေအနေများ၊ ၂၀၂၃ ခုနှစ် မိုးရာသီကာလအတွက် ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှု အခြေအနေများ၊ လိုအပ်ချက်များနှင့် အကြံပြုချက်များကို ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၃၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

**ဇေယျာ**

○ **ရီးယဲလ်မက်ဒရစ်အသင်းမှ**

မန်စီးတီးအသင်းနဲ့ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်ကို ယှဉ်ပြိုင် ကစားရမှာလည်း ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ စပိန်ကိုပါဒယ်ရေး ဖလားနောက်ဆုံးဗိုလ်လုပွဲမတိုင်မီ စပိန်လာလီဂါ ပွဲစဉ်တွေအဖြစ် အယ်လ်မေရီးယားအသင်း၊ ရီးယဲလ် ဆိုစီဒက်အသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရဦးမှာလည်း ဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား လူကာမိုဒရစ်ဟာ ဂျီရိုနာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာ ဘယ်ဘက်ပေါင်ဒဏ်ရာရရှိခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ကွင်းလယ်ကစားသမား လူကာမိုဒရစ်ဟာ စပိန်ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲနဲ့ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ပထမအကျော့တို့မှာ ပါဝင်လာဖို့ မသေချာသေးပေမယ့် အခြားသောအရေးပါတဲ့ ပွဲစဉ်တွေမှာ ပြန်လည်ပါဝင်လာဖို့ မျှော်လင့်လျက်ရှိတယ်လို့ နည်းပြအန်ဆယ်လော့တီက ပြောကြားခဲ့ပါတယ်။

**ငွေကြယ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၂၉**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၅ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၅၀ | ၂၀၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၀၃၅ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၃၁၅ | ၂၈၁၀ |
| 95 Ron | ၂၀၇၅ | ၂၁၂၀ | ၂၁၂၀ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၅ | ၂၁၃၀ | ၂၁၀၅ | ၂၂၀၅ | ၂၂၂၀ | ၂၁၁၀ | ၂၁၃၀ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၀ | ၂၃၉၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၀၀ | ၁၉၅၀ | ၁၉၅၀ | ၁၉၁၀ | ၁၉၅၀ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၂၀၅၅ | ၂၀၅၀ | ၁၉၄၀ | ၁၉၅၅ | ၁၉၉၀ | ၁၉၉၀ | ၁၉၉၀ | ၂၂၂၀ | ၃၁၀၀ |
| HSD (50 ppm) | ၁၉၈၀ | ၂၀၃၀ | ၂၀၃၀ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၃၀၀ | ၃၁၃၀ |
| HSD (10 ppm) | ၁၉၈၀ | ၂၀၃၀ | ၂၀၃၀ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၃၀၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၁ | ၁၉၆၂ |
| 95 Ron | ၁၉၆၆ | ၂၀၃၉ |
| HSD (500 ppm) | ၁၈၀၅ | ၁၈၇၀ |
| HSD (50 ppm) | ၁၈၇၈ | ၁၉၄၅ |
| HSD (10 ppm) | ၁၈၇၈ | ၁၉၄၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား မကွေးမြို့မှ ပင့်ဖိတ်ထားသောဆရာတော်ကြီးများ လာရောက်လေ့လာဖူးမြော်ကြည်ညို

နေပြည်တော် ဧပြီ ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မကွေးမြို့ သံဃာရာမကျောင်းတိုက်မှ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တ စိန္တာသာရဦးဆောင်လျက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော် စုစုပေါင်း သံဃာတော်အပါး ၁၀၀ တို့က ယနေ့နံနက်ပိုင်းတွင် လာရောက်လေ့လာဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၍ ဆရာတော်၊ သံဃာတော်ကြီးများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တုံးတော်ကြီးများအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း(၁/၂/ ၃/ ၄) တို့အား ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက် တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှုအခြေအနေများ၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အအုံ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိကအဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှု အခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။



ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော်တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်ကြီးများအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်ကြီးများထံမှ ပရိတ်တရားတော်များကို နာယူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးနှင့် ကဆုန်လပြည့်နေ့ ညောင်ရေသွန်းလောင်းပူဇော်ပွဲကျင်းပရေး ညှိနှိုင်းစည်းဝေး

မုံရွာ ဧပြီ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၄/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်က ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် မော်တော်ယာဉ်လိုင်းများ သင့်တင့်မျှတသည့်ဈေးနှုန်းနှင့် ဝန်ဆောင်မှုကောင်းမွန်ရေး၊ လက်ရှိပြည်တွင်း၊ ပြည်ပခရီးအသွားအလာများသည့် မင်းကွန်းဒေသတွင် ဒေသခံညွှေ့လမ်းညွှန်နှင့် လမ်းဘေးဈေးသည်များ စည်းကမ်းတကျရှိစေရေးနှင့် အထူးသဖြင့် ခရီးစဉ်ဒေသတစ်ခုလုံး သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းလောင်းပူဇော်ပွဲကျင်းပရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက ကဆုန်လပြည့်နေ့ ညောင်ရေသွန်းလောင်းပူဇော်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ်ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်။

- ❖ အရေပြားပူ၍ ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- ❖ စိတ်ရှုပ်ထွေးခြင်း
- ❖ သတိလစ်ခြင်း
- ❖ တက်ခြင်း
- ❖ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများ ခံစားနေရသော လူနာအား တွေ့ရှိပါက -

- ❖ လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသောနေရာ (သို့) လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။
- ❖ လူနာအား နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့်နေရာသို့ ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။
- ❖ အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့် ထားပါ။

၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။

၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည် (ORS) တိုက်ပေးပါ။

၄။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးပါ။

၅။ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ်အုပ်ပေးပါ။

၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ (သို့) ယပ်ခတ်ပေးပါ။

**အရေးပေါ်ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပြီးလျှင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ဆောင်၍ ကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

# ငပုတောမြို့နယ်၌ မျိုးသန့်မျိုးစပါး ထောက်ပံ့ခြင်းနှင့် ပိုက်ဆံလျှော် (သစ်စိမ်းမြေသြဇာ) ပေးအပ်ပွဲကျင်းပ

ငပုတော ဧပြီ ၂၉

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဖျန်ရေကျော်ကျေးရွာ၌ မိုးစပါးတစ်ဧက ၁၀၀ တင်း အထွက်နှုန်းတိုးထွက်ရေးအတွက် တောင်သူများအား မျိုးသန့်မျိုးစပါး ထောက်ပံ့ခြင်း ပိုက်ဆံလျှော် (သစ်စိမ်းမြေသြဇာ) မျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မျိုးသန့်စပါးထုတ် တောင်သူ ဦးသိန်းထွေး၏ လယ်မြေ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစိန်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး မိုးစပါးတစ်ဧက ၁၀၀ တင်း အထွက်နှုန်းတိုးထွက်ရေးအတွက် တောင်သူများအား အထွက်ကောင်းမျိုးသန့် မျိုးစပါးနှင့် ပိုက်ဆံလျှော်(သစ်စိမ်းမြေသြဇာ) မျိုးစေ့များကို တာဝန်ရှိသူများက တောင်သူများထံပေးအပ်ခဲ့ပြီး မျိုးသန့်စပါးထုတ် တောင်သူ ဦးသိန်းထွေး၏ လယ်မြေ ၅ ဧက၌ (သစ်စိမ်းမြေသြဇာ) မျိုးစေ့များကို စုပေါင်း ကြဲပက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစိန်မောင်မြင့်၊ ဒုတိယ တိုင်းဦးစီးမှူး ဦးသန်းအောင်ဆန်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ မြို့နယ် စိုက်ပျိုးရေး




ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးထွန်းမျိုးသန့်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ဝတ္ထုတို

## ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)




(၁)

“ခွေးသူခိုးကောင် မင်းက ငါ့ကြက်ကို လုပ်တယ်ပေါ့ ဟုတ်လား”

“ခွပ်”

“မဟုတ်ဘူးဦးလေး၊ ကျွန်တော့်ကို ကျွန်တော့်ကို ...”

“တော်စမ်း မင်းက ဘာညာချင် သေးတာလဲကွ။ ဒါငါ့ကြက်မှ ငါ့ကြက် အစစ်ကွ”

လူစိတ်ပျောက်၍ ကြောက်စရာ သတ္တဝါကြီးတစ်ကောင်လို ဒေါသ ထွက်နေသော ဦးလေးဖြစ်သူကို ကြည့်၍ လင်းအောင်ကြောက်ရွံ့လာသည်။ အနား မှာ သူ့ကို ကူမယ့်လူမရှိ။ ထိုးကြိတ်လိုက် သော လက်သီးဒဏ်ကြောင့် သူ့နှာခေါင်း သွေးတွေက အဆမတန်စီးကျနေပြီ။ သူရှင်းပြလို့လည်း မရ။

“ဟို ဟို ဒါက ဒါက ....”

“ခွေးသူတောင်းစား ကဲကွာ”

အရှိန်နှင့် ပစ်ကန်လိုက်သော သူ့ခန္ဓာ ကိုယ်လေး လွင့်ထွက်သွားပြီး အနီးရှိ သစ်ပင်နှင့် သွားရိုက်သည်။ နာကျင်လွန်း သောကြောင့် အသံတောင် မထွက်နိုင် တော့။ ကြောက်လွန်း၍ အသားတွေ တဆတ်ဆတ်တုန်နေတော့၏။

“ဟဲ့ ဟဲ့ ဘယ်လို ဖြစ်တာလဲ ဘမြင့် ရယ်။ မောင်လင်းအောင်လေး ဘာလုပ်လို့ ကျွဲရိုက်၊ နွားရိုက် ရိုက်နေတာလဲကွယ်။ မင်းတို့လွန်မယ်နော်”

“ခင်ဗျားနဲ့ ဘာမှမဆိုင်ပါဘူး။ ဒီလို အကျင့်ပျက်တဲ့ကောင်ကို ဆုံးမနေတာ လေ။ ဒီမှာ ကျုပ်ကြက်ကိုသတ်ပြီး ချက်စားဖို့လုပ်နေတာ မတွေ့ဘူးလား”

“ဟဲ့ အဲဒါ ငါ့ကြက်ဟဲ့၊ ကြက်နာလေး ကျနေလို့ လင်းအောင်လေးကို ချက်စားဖို့ ပေးလိုက်တာ။ သေချာမကြည့်ဘဲ ကလေး ကို လုပ်စရာလား”

“ခင်ဗျား လျှောက်မပြောနဲ့၊ ဒီမှာ ကြက်အနီရောင်လေး၊ ကျုပ်ကြက်ဗျ ကျုပ်ကြက်၊ သားရေပေါ်အိပ် သားရေ နားစားတဲ့ကောင်၊ အိမ်ရိပ်မှာခေါ်ထားတဲ့ ကျေးဇူးမထောက်၊ ကျွေးကျေးဇူး မထောက် ကြက်တောင်ခိုးစားတာ”

“မဟုတ်ဘူးလို့ ငါပြောနေတယ်လေ။ နင်တော့နော်”

“ကိုဘမြင့် သည်မှာရှင့်ကြက်က အိမ် အနောက်ဘက်မှာလေ။ တကတဲနော် သေချာကြည့်ပါ။ သူများတွေက နှိပ်စက် နေတယ်ထင်နေဦးမယ်”

“ဟာ ကြက်ကလည်း အရောင်က တစ်ပုံစံတည်းကိုဟ”

“ဟွန်း ရှင်လည်းမပြောချင်ဘူး”

လူတစ်ကိုယ်လုံးရိုက်ထားပြီး ဘာမှ မဖြစ်သလို ထွက်သွားကြသော လင်မယား နှစ်ယောက်ကိုကြည့်၍ လင်းအောင် နာကြည်းစွာ ငိုကြွေးမိသည်။

ဘေးအိမ်က ဒေါ်ရှမ်းမက သူ့ကိုခေါ် ပြီး ဆေးထည့်ပေးသည်။ အစာလေးကျွေး ပြီး ဆေးတိုက်ကာ အိမ်ပြန်လွှတ်လိုက်၏။ သူ့အတွက် ငရဲခန်းလို အကျည်းတန်လှ သည့် သည်အိမ်ကို မပြန်ချင်ပေ။ သူ အဝေးကို ပြေးထွက်သွားချင်မိသည်။ သူ့မှာ ခိုလှုံစရာရိပ်မြုံမရှိ။ အားကိုးစရာ မရှိသည့်ဘဝမှာသေသွားတာကောင်းမယ် ဟု တွေးခဲ့ဖူးသည်။ ဆယ့်သုံးနှစ်အရွယ် လေးနှင့် လူ့ဘဝကို အရှုံးပေးချင်ခဲ့ပြီ။

(၂)

လင်းအောင် ငါးနှစ်အရွယ်မှာ အမေဆုံး သည်။ အဖေက သူသုံးနှစ်အရွယ်ကတည်း က ထိုင်းနိုင်ငံ အလုပ်သွားလုပ်ရာမှ မြန်မာနိုင်ငံကို ပြန်မလာတော့။ အိမ်ကို လည်း မထောက်ပံ့ဘဲနေခဲ့သည်။ ဟိုမှာ နောက်အိမ်ထောင် ထူသွားပြီဟုလည်း သတင်းကြားရသည်။ အမေဆုံးတော့ သူပို ဒုက္ခရောက်ရသည်။ အမေ့၏ညီမက ခေါ်ယူမွေးစားခဲ့တာ သူ့အတွက် ငရဲဖြစ်ခဲ့ ရသည်။ အရွယ်နှင့်မမျှ အလုပ်ပေါင်းစုံ လုပ်ရသည်။ မသဒ္ဓါရေစာ စားရသည်။ ဝမ်းကွဲမောင်နှမတွေ၏ အနိုင်ကျင့် ဗိုလ်ကျတာခံရင်း အသက်ရှင်ရပ်တည် ခဲ့ရသည်။ အဒေါ့်ယောကျ်ား ဦးလေးက အဆိုးဆုံးပင်ဖြစ်သည်။

“အလကား တင်မကျွေးနိုင်ဘူး။ အလုပ်လုပ်ခိုင်း၊ လူတစ်ယောက်စာ ဘယ်လောက်ကုန်တယ်ဆိုတာ မသိဘူး လား။ နင့်တူမို့ ညှာမယ်မထင်နဲ့နော်”

“အမလေးကိုဘမြင့်ရယ်၊ မကောင်း တတ်လို့ ခေါ်ထားရတာပါ။ ထောင့်စေ့ အောင် ခိုင်းရမှာပဲ။ မိစံပါ အားမကိုးရရင် လမ်းပေါ်မောင်းချလိုက်မယ်”

စရိုက်တူ အကျင့်တူ လင်မယားမို့ တူအရင်းပေါ်မှာတောင် မေတ္တာတရား ခေါင်းပါးခဲ့သည်။ ကျောင်းနေရဖို့ဝေးစွ။ အိမ်အလုပ်တွေကို သိမ်းကျုံးလုပ်ရတော့ သည်။ ဘယ်လောက်လုပ်ပေးပေး အဆူ၊ အငေါက်၊ အရိုက်က နေ့တိုင်းခံနေရသည်။ ထမင်းစားရမှာတောင် မျိုမကျခဲ့ပေ။

“သွား ငါ့သားသမီးတွေ ကျောင်းကို ထမင်းချိုင့် သွားပို့ပေး။ ချက်ချင်းပြန်လာ နော်၊ အလေလိုက်မနေနဲ့၊ အိမ်မှာလုပ်စရာ အများကြီး”

ထမင်းချိုင့်လေးတွေ ဆွဲကာ ကျောင်းကို အချိန်မီပြေးပို့ပေးရသည်။ နေပူပူ၊ မိုးရွာရွာ အကာအကွယ်မပါခဲ့။ အလုပ်တာဝန်ကို ကျေပွန်ခဲ့ရသည်။ မိနစ် ပိုင်းလေးတွေ့ရသည့်ကျောင်းသားတွေ၏ စာအံသံလေးက သူ့နားထဲ စီးဝင်လာ၏။

“က ကလေးငယ် ချစ်စဖွယ်”

“ကကြီးရေးက”

ကျောခိုင်းလိုက်ရင်း နှုတ်ကလေးက ရွတ်ဆိုကာ သူပီတိဖြစ်ခဲ့ရသည်။ သူ့ ဦးလေးနှင့် အဒေါ်ကို နင်းနှိပ်ပေးရင်း ဝမ်းကွဲမောင်နှမတွေ စာကျက်သံကို နားစွင့်ကာ နေ့စဉ်လိုက်ဆိုခဲ့တာ ခုချိန်ထိ ပင်။ အားလပ်ချိန်လေး စာရွက်စုတ်လေး နှင့် စာတွေရေးမှတ်တတ်သည့် အကျင့်က သူ့အတွက် ပျော်စရာကမ္ဘာလေး ဖြစ်ခဲ့ သည်။

“အမလေး မင်းတူက စာတွေလိုက်ဆို လိုက်ရေးနေ။ ငါ့နှယ်နော် ရယ်ချင်ပ”

“အို သူလုပ်ချင်တာလုပ်ပါစေ။ ကျွန်မ ပိုက်ဆံမကုန်ပြီးတာပဲ၊ အလုပ်မလုပ်လို့ ကတော့ တွယ်ပြီပဲနော်”

သူတို့ အတန်းကြီးလာသည်နှင့်အမျှ လင်းအောင်လည်း စာကောင်းကောင်း ရေးတတ်ဖတ်တတ်ခဲ့သည်။ သူတို့ အဆဲ၊ အဆို အရိုက်အနှက်ခံပြီး သေစာ၊ ရှင်စာ လေးတတ်ခဲ့တာ ကျေးဇူးတင်ရပေမည်။ ခု လင်းအောင်အသက် ၁၃ နှစ်ရောက်ပြီ။ မနက်အစောထ ဈေးရောင်းကူသည်။ တစ်အိမ်လုံး ချက်ပြုတ်ပေးရသည့် အဆင့်ထိ လင်းအောင် အိမ်မှုကိစ္စ နိုင်နင်း ခဲ့သည်။ ယောကျ်ားလေးတန်မဲ့ ချက်တတ် ပြုတ်တတ်သူမို့ ဘေးပတ်ဝန်းကျင်က အားလုံးချစ်ကြသည်။ လိမ္မာသူမို့လည်း အားလုံးက သနားကရုဏာရှိပေမယ့် အဒေါ်မိသားစုကြောင့် လျစ်လျူရှုခံရတာ များသည်။ ပေးတာ၊ ကျွေးတာ၊ သနားတာ မကြိုက်ပေ။ အမြဲတမ်းစောင်းမြောင်း ပြောဆိုနေ၍ အားလုံးတုမဖြစ်ချင်တော့။ သူတို့ကွယ်ရာမှာသာ ကျွေးပေးတော့ သည်။ ခုလည်း ဘေးအိမ်က ဒေါ်ရှမ်းမက သူ့အိမ်ကကြက်ကလေး ကြက်နာကျ၍ လင်းအောင်စားဖို့ပေးရာမှ ပြဿနာတက် ခြင်းဖြစ်သည်။ ဦးလေး၏ ကြက်နှင့် အသွေးအရောင် အရွယ်အစားပါတူနေ၍ ပိုးဆိုးတော့သည်။

“အား ကျွတ် ကျွတ်”

ထိုးကြိတ်ပြီး ကန်ထားသည့် အရှိန် ကြောင့် သူ့တစ်ကိုယ်လုံး နာကျင်နေ သည်။ အိမ်ပေါက်ဝ ရောက်ပေမယ့် ဝင်ရမှာ ကြောက်နေမိသည်။

(၃)

“အမလေး ရှင်ကလည်း၊ သတိထား နော်၊ လက်လွန်ခြေလွန်ဖြစ်သွားရင် ရှင်ထောင်ကျမှာ။

သူသေသွားတာ ဘာမှမဖြစ်ပေမယ့် ရှင့်ကိုတော့ ထောင်ကျမခံနိုင်ပါဘူး”

“နင်တို့လည်း မတားကြဘူးလား။ နင့်အဖေ ကြက်ရှိနေတာကို”

“ဟီး ဟီး သိသားပဲ၊ အရိုက်ခံရအောင် လို့ကို တမင်မပြောတာ”

“ဟုတ်ပ့ါ ခုတော့ အီစလန်ဝေသွားပြီ လေ။ ချိုထောင်နေတာ ချိုးပေးလိုက်တာ”

“ဟီး ဟီး”

ကြားရသည့်စကားတွေက သူ့အတွက် မထူးဆန်းတော့တာမို့ မနာကျင်တော့ပေ။ သူအိပ်ဖို့ အိမ်အောက်ထပ်က အခန်း ကျဉ်းလေးက သူ၏ကမ္ဘာပင်။ အတိုင်း သား ကြားနေရသည့် သူတို့၏ပျော်ရွှင် ရယ်မောသံတွေက လင်းအောင်အတွက် ပျားရည်လိုမချိုပေ။ သံရည်ပူတွေလောင်းချ နေပေမယ့် သူခံနိုင်ရည်ရှိနေပါပြီ။

ငိုခဲ့တဲ့ နေ့ရက်တွေ များလွန်းခဲ့ပြီမို့ သူ့အတွက် မျက်ရည်မရှိတော့ပေ။ ဒေါ်ရှမ်းမက ဆေးတိုက်၊ အစာလေးရော ကျွေးလိုက်၍ သူသက်သာသလိုရှိသည်။ မနက်အစောကြီး ထပေးရမှာမို့ အိပ်ပျော် အောင်အိပ်လိုက်သည်။

“ဟဲ့လင်းအောင်နောက်ကျမှလာတော့ ဘာမှမရှိတော့ဘူးနော်။ အကုန်ကုန်ပြီ။ သူများအားကိုးနေ ချက်ချင်းပြန်မလာဘဲ”

“ကျွေးမနေနဲ့ကွာ၊ ငတ်သေ အေးတာ ပဲ”

“သူမစားတော့ သက်သာတာပေ့ါ အမေရယ်၊ ပြောနေသေး”

သူရောက်နေမှန်းသိ၍ အပေါ်ထပ်က အသံတွေနှင့် နှိပ်စက်နေကြခြင်းဖြစ်သည်။ လင်းအောင် နာနာကြည်းကြည်းပြုံးလိုက် ၏။ ဖော်မပြနိုင်သည့် နာကြည်းချက် အစိုင်အခဲကြီးက သူ့ရင်ထဲမှာ ကိန်းအောင်း နေပြီဖြစ်သည်။

“စိတ်ချ ခင်များတို့ရဲ့ ငရဲခန်းကနေ ရုန်းထွက်ပြီ။ အောင်မြင်တဲ့လူတစ်ယောက် အဖြစ် မင်းတို့အိမ်ရှေ့ကို အရောက်လာ မယ့် လူတစ်ယောက် ဖြစ်စေရမယ်။ အဲဒါ ငါ့ရဲ့ဆန္ဒအမှန်ပဲ”

ရုတ်တရက်ကျလာသော မျက်ရည် တွေကို ခပ်ကြမ်းကြမ်းသုတ်ပစ်ရင်း သူ အိပ်ပျော်အောင် ကြိုးစားလိုက်သည်။ သူအားရှိမှရမည်။ သူ့မှာ အနာဂတ် ရည်မှန်းချက်ရှိသည် မဟုတ်ပါလား။

(၄)

“အေးလေ သူ့အဖေအမျိုးတွေ လာခေါ်တယ်ဆိုတော့လည်း ထည့်ပေး ရမှာပေ့ါ”

“ကဲကဲ ခေါ်သွားကြပါ။ ကျွန်တော်တို့ ကျွေးထားတာလည်း ကြာပြီလေဗျာ”

“ဘယ်ကို ခေါ်သွားကြမှာလဲ၊ အလုပ် က အဆင်ပြေရဲ့လား”

“ကျွန်တော်တို့ အမျိုးတွေက ထိုင်းမှာ ဆိုတော့ ထိုင်းပဲခေါ်သွားပါ့မယ်။ သူ့အဖေ ကတော့ ထိုင်းမှာမရှိဘူး။ သူ့နောက် အိမ်ထောင်နဲ့ ဒူဘိုင်းရောက်သွားပြီလေ”

“အင်းလေ ခေါ်သွားပေ့ါ။ သူလည်း အရွယ်ရောက်ပြီပဲ”

အဖေ့အမျိုးတွေ လာခေါ်၍ သူ့ဘဝ နိုင်ငံရပ်ခြား အရွယ်ငယ်ငယ်နှင့် ရောက်ခဲ့ သည်။ အားလုံးကလည်း အလုပ်သမား တွေမို့ သူ့အတွက် ပထမဆုံး အိမ်သာ ရေဆေးရသည့် အလုပ်ကို ဆယ့်လေးနှစ် သားမှာ စလုပ်ရတော့သည်။ အလုပ် ပေါင်းစုံလုပ်ခဲ့သည်။ သူ့အတွက် အိမ်သာ ဆေးတာလေးက လွယ်ကူတဲ့အလုပ်ပင်။ နိုင်ငံကူးလက်မှတ် အကုန်လုံး အဖေ့အမျိုး တွေကပဲ လုပ်ပေးခဲ့၍ အဆင်ပြေခဲ့သည်။

သူအရွယ်ငယ်ငယ်လေးနှင့် ငွေကို အသည်းအသန်ရှာခဲ့သည်။ အဖေ့အမျိုး တွေနှင့်လည်း သိပ်မတွေ့ဖြစ်။ သူ့အလုပ် ကိုယ့်အလုပ်နှင့်မို့ အလုပ်လုပ်သူအချင်းချင်း သာ သူ့ဆွေမျိုးအပေါင်းအဖော် ဖြစ်ခဲ့သည်။

သူကံကောင်းသည်။ သူ့ရဲ့ဖော်ရွေမှု၊ လူတိုင်းအပေါ် ကူညီတတ်မှု၊ အမြဲပြုံးနေ သည့် မျက်နှာလေးကြောင့် အခက်အခဲ မတွေ့ခဲ့ပေ။ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ် လူမျိုးပေါင်းစုံနှင့်တွေ့ရပြီး သူတို့ဘာသာ စကားတွေတောင် ပြောတတ်ခဲ့သည်။ ငယ်စဉ်ကတည်းက သင်ယူချင်၊ သူကြိုးစား သူမို့ သူကြိုးစားသလောက် အရာထင်ခဲ့ သည်။ အိမ်သာဆေးလုပ်ငန်းအပြင် ညပိုင်း အချိန်ပိုင်းညစောင့်၊ ဂိတ်စောင့် လုပ်သည်။

သူ့အသက် ဆယ့်ရှစ်နှစ်မှာတော့ ဘားတစ်ခုမှာ အလုပ်ထပ်လုပ်သည်။ အလုပ်ကြိုးစားသူမို့ အလုပ်ရှင်သူဌေး တိုင်းက သူ့ကို တူ၊ သားတစ်ယောက်လို ချစ်ခင်ကြသည်။ အလုပ်အကိုင်နှင့် ပတ်သက်ပြီး အကူအညီပေးကြသည်။

ရှစ်နှစ်လောက်အကြာထိ သူထိုင်းမှာ ပဲနေခဲ့သည်။ အလုပ်ရှင်သူဌေး ဂျာမန်၊ ပြင်သစ် လူမျိုးတွေဆီမှ သူတို့ဘာသာ စကားတွေ ရင်းနှီးကျွမ်းဝင်ခဲ့သည်။ သူကြိုးစားပြီး စုဆောင်းထားတဲ့ ပိုက်ဆံ လေးနှင့် ဖိနပ်ဆိုင်လေး စပ်တူရှယ်ယာ ဖွင့်နိုင်ခဲ့သည်။ အလုပ်တွေဆက်တိုက် လုပ်သလို နာကြည်းချက်တွေနှင့် ငွေကို အစွမ်းကုန် ရှာတော့သည်။ အမိမြန်မာ နိုင်ငံဟာ သူ့အတွက် ကမ္ဘာခြားနေပြီ။ ခုချိန်ထိလည်း သူ့အဖေကို ရှာမတွေ့ခဲ့ ပေ။ အလုပ်လုပ်နေရင်း နိုင်ငံခြားသားတွေ နှင့် စကားပြောဆို ရင်းနှီးလာကာ ကိုယ်တိုင်လည်း ကျွမ်းကျင်လာခဲ့သည်။ သူနှစ်ဆယ့်လေးနှစ်ပြည့်မှာ အမိမြန်မာ နိုင်ငံကို ပြန်လာဖို့ဆုံးဖြတ်လိုက်တော့ သည်။

(၅)

သေးသွယ်ပိန်ညှက်နေတဲ့ အနှိပ်စက်ခံ မိဘမဲ့လင်းအောင်။ အများအနိုင်ကျင့် ခံရတဲ့ မြေစာပင်။ ထမင်းနှစ်နပ်အတွက် ငရဲခန်းလိုနေခဲ့ရသည့် အဖြစ်။ ဒုက္ခ ပေါင်းစုံနှင့် လူငယ်လေးတစ်ယောက် အသက်နှစ်ဆယ်ကျော်မှာ ကျွန်လို ရုန်းကန်ရှာထားသည့် ငွေထုပ်လေးပိုက် ကာ အမိမြန်မာနိုင်ငံကို ပြန်လာလေပြီ။

တစ်သွေးတစ်မွေးနှင့် တောက်ပြောင် လာသည့် လင်းအောင်။ အမိဇာတိမြေ တောင်ကြီးမှာ ခြံတွေ၊ အိမ်တွေဝယ်ရင်း ထောပတ်၊ ကြက်မောက်၊ စိုက်ခင်းတွေနှင့် အနာဂတ်ကို ရှင်သန်ရတော့မည်။ မြေတစ်မှုန့်တောင် မပိုင်ဆိုင်သည့်ဘဝ ကနေ ကိုယ်ပိုင်အိမ် တစ်ထပ်ကလေးနှင့် တင့်တယ်နေပြီ။ ခြံလေးတွေမှာ ရာသီပေါ် သီးနှံတွေ စိုက်ကာ ဘဝအတွက် ပိုပြီး ကြိုးစားနေပြီ။ သူပိုင်ဆိုင်သည့် မြေကွက် တွေမှာ အိမ်တွေဆောက်ပြီး အငှားထား မည့် ရည်ရွယ်ချက်က သူ့စိတ်ကူးပင်။ နောက်ပြီး အတန်းပညာမတတ်သော်လည်း သင်ယူ တတ်မြောက်ထားသည့် အတွေ့ အကြုံတွေနှင့် ကွန်ပျူတာ၊ ဆေးဝါး ကျွမ်းကျင်၊ သင်တန်းတွေ တတ်မြောက် ထားပြီ။ ခု အသက်နှစ်ဆယ့်ခြောက်။ ဝိုင်းဝိုင်းလည်နေသည့် မိန်းကလေးတွေ ကို ခါချလို့ ရည်မှန်းချက်ကို အကောင် အထည်ဖော်ရန် ဆုံးဖြတ်ထားသူမို့ စိတ်မဝင်စားပေ။ နိုင်ငံတကာကိုသွားရန် အတွက်လည်း ရည်ရွယ်ထားသူမို့ နည်းပညာ ဘာသာစကားတွေ အွန်လိုင်း မှာလေ့လာကာ ဘဝကို အားကြိုး မာန်တက် ကြိုးစားနေသူ လူငယ်လေး တစ်ယောက် ဖြစ်နေပြီ။ ရှေ့အနာဂတ်မှာ တော့ အိုအေစစ်လို ချိုမြိန်သည့် ရိပ်မြုံလေး တွေက ကြိုနေမှာ အမှန်ပင်ဖြစ်သည်။

“ကျွန်တော် UK ရောက်အောင်သွားမှာ ဗျာ။ ခု ကျွန်တော့်ပိုင်ဆိုင်မှုတွေက ပါးပါး လေးပါ။ ဒီလောက်လေးနဲ့ ကျွန်တော် မပြည့်စုံဘူး။ အမြင့်ဆုံးထိသွားမှာ”

ရည်မှန်းချက်ကို ပြတ်သားစွာချပြီး အကောင်အထည်ဖော်မည့် လူငယ်လေး တစ်ယောက်။ သူ့ရဲ့ခြေလှမ်းတွေက တက်ကြွလို့နေပေသည်။ ။

## ညောင်ရေသွန်းအလှ ကဆုန်လ

❖ ရာသီပြီးသ စန်းယှဉ်ရာ
နက္ခတ်ဝိသာခါ၊
မြစ်ရေဝယ် ရေတွေခန်း
မူးမြစ်သဲသောင်လွှမ်း။
❖ စကားပန်းက ထုံသင်းကြိုင်
လွန်ဆွဲကြအပြိုင်၊
ဘယ်သူနိုင်နိုင် ပြုံးပျော်မြဲ
စည်းလုံးမှုပိုကဲ။
❖ ညောင်ရေသွန်းပွဲ များလူညီ
သွန်းလောင်းကြပေသည်၊
ရေအိုးကိုယ်စီ ပျိုမေများ
ကျင်းပမလေ့အား။
❖ မြတ်ဘုရား၏ လေးရပ်စုံ
ဆုဖွားပွင့်စံကြုံ၊
အံ့သြမကုန် မြတ်အလှ
ထူးမြတ် ကဆုန်လ။

ထက်အောင်လူ(နံ့သာမြေ)

## တို့ရွာလေးရဲ့ ဆည်းဆာချိန်

နေဝင်ချိန် ညနေခင်း
လှလေခြင်း တိမ်ပန်းချီ။
ညှင်းသွဲ့သွဲ့ လေချိုသွေးက
အေးမြငွေ့သီ။
မှိုင်းပျပျ မှုန်ရီရီ
နေခြည်အို ခပ်ဖျော့ဖျော့။
ငှက်လေးတွေ အိပ်တန်းဆီ
ပျံသန်းပြီပေါ့။
ပျိုမေတစ်သင်း လှယဉ်ကြော့
ခေါင်းမော့လို့ ရေအိုးတင်။
ကာလသားတို့ စောင့်မျှော်ကိုး
ပိုးပန်းဖို့ပြင်။
ကုက္ကိုရိပ် ကွက်လပ်တွင်
ခြင်းဝိုင်းဆင် နွဲ့ပျော်ကြ။
နောင်ကြီးတို့ ပေါ့ပါးသွက်လက်
ကစားကွက်လှ။
ပလွေသံ ချိုလွင်လွင်က
ရွာအဝင်မှ လွင့်ပျံ့ကာ။
နွားတစ်အုပ်နဲ့ ဖုန်တထောင်းထောင်း
နွားကျောင်းပြန်လာ။
အေးချမ်းတဲ့ တို့ရဲ့ရွာ
ဆည်းဆာချိန် အလှကဲ။
ရွာဦးစေတီ ဆည်းလည်းသံရယ်
ဝဲပျံ့လေထဲ။ ။

ထက်သခင်(သုံးဆယ်)

ဆောင်းပါး

# သူတော်ကောင်းများဖြစ်စေဖို့ ယဉ်ကျေးလိမ္မာ တက်ကြစို့

## မြပုလဲ(တပ်ကုန်း)

လူမှုဆက်ဆံရေးနယ်ပယ်တွင် ယဉ်ကျေးလိမ္မာခြင်းသည် အလွန်အရေးကြီးလှသည်။ ကျောင်းနေစဉ်ကလေးဘဝကတည်းက လူယဉ်ကျေးဖြစ်မှသာလျှင် အရွယ်ရောက်လာသောအခါ အများ၏ချစ်ခင်လေးစားခြင်းကို ခံရပါလိမ့်မည်။

ယဉ်ကျေးလိမ္မာသော လူကောင်းလေးများဖြစ်လာစေရန် နွေရာသီကျောင်းပိတ်ရက်မှာ မိဘများက မိမိတို့၏သားသမီးများကို ဗုဒ္ဓစာပေနှင့် ထိတွေ့ပေးသင့်ပါသည်။

ဦးနှောက်ဖွံ့ဖြိုးတိုးတက်ဖို့ ပညာရေးအလေးပေးရသလို နှလုံးသားနူးညံ့သိမ်မွေ့ဖို့လည်း ဘာသာတရားကို ဂရုတစိုက် သင်ကြားပေးရပါလိမ့်မည်။

ယနေ့ခေတ်သည် ကျောင်းသားလူငယ်များအား အရာရာတတ်သိနားလည်အောင်၊ တိုးတက်အောင် သင်ကြားသင်ယူနိုင်သော အခွင့်ကောင်းများရှိနေပါသည်။

### အကျိုးရှိရှိအသုံးချ

ယခုဆိုလျှင် အခြေခံပညာဦးစီးဌာန၏ညွှန်ကြားချက်များဖြင့် အထက်တန်း၊ အလယ်တန်းကျောင်းများ၌ နွေရာသီအားလပ်ရက် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အခါအားလျော်စွာ ဖွင့်လှစ်ပေးလေ့ရှိသော ယဉ်ကျေးလိမ္မာသင်တန်းများ၊ ဓမ္မကျောင်းများကို မိမိတို့၏သားသမီးများအား အရောက်ပို့ပေးသင့်ပါသည်။

ယဉ်ကျေးလိမ္မာသင်တန်းများမှ ရရှိလာသောအချက်အလက်များကိုလည်း လက်တွေ့ဘဝတွင် အကျိုးရှိရှိအသုံးချနိုင်အောင် ပံ့ပိုးပေးသင့်ပါသည်။ ယဉ်ကျေးလိမ္မာသင်ခန်းစာများ သင်ကြားပေးခြင်းဖြင့် ကလေးများ၏စိတ်နှလုံး၌ နူးညံ့သိမ်မွေ့လာစေပါသည်။ ရဟန်းတော်များနှင့်လည်း မှန်ကန်ရိုသေစွာ လျှောက်ထားတတ်လာပါလိမ့်မည်။ အသက်ဂုဏ်ဝါကြီးရင့်သူများကိုလည်း ရိုသေစွာပြောဆိုဆက်ဆံတတ်လာမည်။ မိဘစကားနားထောင်တတ်ပြီး မိဘကျေးဇူးကိုလည်း သိတတ်လာစေမည်။ လူတော်ဖြစ်ဖို့ ပညာရေးအားပေးရသလို လူကောင်းဖြစ်ဖို့ ဘာသာရေးအားပေးရပါလိမ့်မည်။

အချို့သော မိဘများကိုယ်တိုင်ကပင် ယဉ်ကျေးလိမ္မာသင်တန်းနှင့် အခြားသောသင်တန်းများ ယှဉ်လာလျှင် အခြားအပြင်သင်တန်းပေါင်းစုံကိုသာ ဦးစားပေးရွေးချယ်လိုကြပါသည်။

အချို့သော လူတော်လေးများ၏ စိတ်တွင် မာနကြီးစိတ်၊ ဘဝင်မြင့်စိတ်၊ ဆရာကို အာခံချင်သော ငါမှငါဆိုသည့် စိတ်များဝင်လာနိုင်ပါသည်။ နှလုံးသားကို နူးညံ့သိမ်မွေ့စေဖို့၊ မေတ္တာစိတ် ကိုယ်ချင်းစာစိတ်၊ ကြီးသူအပေါ်ရိုသေစိတ်၊ ရွယ်တူနှင့် ငယ်သူအပေါ် လေးစားချစ်ခင်စိတ်၊ သနားညှာတာစိတ်များ ရရှိစေရန် ဘာသာရေးကို အားပေးရပါလိမ့်မည်။

လူတော်ဖြစ်ဖို့ သင်တန်းမျိုးစုံနှင့် အတတ်ပညာပေါင်းစုံကို သင်ပေးရသလို လူကောင်းဖြစ်စေဖို့လည်း ယဉ်ကျေးမှုဆိုင်ရာသင်တန်းများနှင့် ထိတွေ့ပေးရပါလိမ့်မည်။

မည်သည့်ဘာသာဝင်မဆို မိမိတို့ကိုးကွယ်သည့် ဘာသာကို လေးလေးစားစား အချိန်မှန်မှန် ပြုလုပ်ကြပါသည်။ ချီးကျူးလေးစားဖွယ်၊ အတုယူဖွယ်ဖြစ်ပါသည်။

နောင်တစ်ချိန် နိုင်ငံတော်ကြီးကို ပဲ့ကိုင်ထိန်းကျောင်းမည့် လူငယ်များအနေဖြင့် လူတော်လူကောင်းများဖြစ်စေရန် အကျင့်စာရိတ္တကောင်းမွန်ပြီး အများအကျိုးကိုဆောင်ရွက်တတ်သည့် မျိုးချစ်စိတ်ရှိသော လူငယ်များဖြစ်အောင် လူကြီးများက ပြုစုပျိုးထောင်ပေးသင့်ပါသည်။

ငယ်ရွယ်စဉ်ကတည်းက လေ့ကျင့်ပြုစုပေးပါမှ နောင်ရေးအတွက် စိတ်အေးရပါလိမ့်မည်။ ရတနာသုံးပါးကို ကိုးကွယ်ယုံကြည် ဆည်းကပ်တတ်အောင် လူကြီးမိဘများက ရှေ့ကဦးဆောင်ဆွေးနွေးပေးရပါမည်။

အမှန်တော့ဖြင့် ကလေးများ၏ ပင်ကိုစရိုက်သည် နူးညံ့သိမ်မွေ့ကြပါသည်။ ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုကြောင့်သာ ခက်ထန်ကြမ်းတမ်းလာခြင်းဖြစ်ပါသည်။ ကလေးများ၏ပတ်ဝန်းကျင်တွင် မယဉ်ကျေးသော လူကြီးများရှိနေပါသည်။

ကျောင်းသင်ပညာရေးသည် လက်တွေ့မှာ အသုံးချနိုင်ဖို့လိုအပ်သလို ဘာသာရေးသည်လည်း ကလေးများ၏ဘဝတစ်လျှောက် ဘဝနှင့်ဓမ္မထပ်တူကျစေဖို့၊ လက်တွေ့ဘဝမှာ အသုံးချတတ်ဖို့ အထူးလိုအပ်ပါသည်။

### ဓမ္မသင်ခန်းစာများသင်ယူ

တန်ဖိုးရှိလှသော အချိန်တွေကို ကောင်းမြတ်သည့်အရာများနှင့် ကုန်ဆုံးသင့်ပါသည်။ ယဉ်ကျေးလိမ္မာသင်တန်းများမှ များစွာသော အဖိုးမဖြတ်နိုင်သည့် ဓမ္မသင်ခန်းစာများ သင်ယူကြရပါလိမ့်မည်။ ဆရာ ဆရာမများကလည်း အလျဉ်းသင့်သလို ကျောင်းစာသင်ရင်း ယဉ်ကျေးခြင်းနှင့် သက်ဆိုင်သော လိမ္မာရေးခြားရှိစေမည့်အကြောင်းအရာများကို ထည့်သွင်းချိတ်ဆက် သင်ကြားပေးလျက်ရှိပါသည်။

အချို့လူများက မြတ်ဗုဒ္ဓ၏တရားတော်များသည် အသက်ကြီးမှ လုပ်ရမည်ဟု ထင်ကြသည်။ မဟုတ်ပါ။ ကျောင်းနေစဉ်အရွယ်ကတည်းက မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်သွားရပါမည်။ တစ်သံသရာလုံးညစ်ပတ်လာသော စိတ်ကိုဆေးကြောပစ်ဖို့ ဒါန၊ သီလ၊ ဘာဝနာ၏ အကျယ်ဖြစ်သော ပုညကြိယာဝတ္ထုဆယ်ပါးကိုလည်း သင်ယူရမှာဖြစ်ပါသည်။

တစ်သံသရာလုံးနေလာသည့် လောဘစိတ်ကို ဒါနနှင့် ဆေးကြောရပါလိမ့်မည်။ စည်းကမ်းမရှိနေလာသည့် သမာဓိမရှိသောစိတ်ကို ကမ္မဋ္ဌာန်းအားထုတ်ခြင်းဖြင့် ဘာဝနာနှင့် ဆေးကြောရပါမည်။ လူကိုသန့်ရှင်းအောင်ရေချိုးပေးရသလို စိတ်ကိုလည်း ရေချိုးပေးရပါလိမ့်မည်။

မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့် ကျင့်စဉ်များကို ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်အသိရဖို့ လေ့လာသင်ယူပြီး ကျင့်ကြံအားထုတ်ရပါမည်။

ဗုဒ္ဓစာပေကို အလျဉ်းသင့်သလို တိုင်ပင်ဆွေးနွေးသင့်ပါသည်။ ယဉ်ကျေးမှု၊ လိမ္မာမှု၊ ရိုသေမှုနှင့် ဗုဒ္ဓနှင့်သက်ဆိုင်သော စာပေများလေ့လာဖို့၊ ဖတ်မှတ်ဖို့လိုပါသည်။

လူကြီးမိဘတွေသည်လည်း အခါအားလျော်စွာ တရားစကားကို ဆွေးနွေးသင့်ပါသည်။ ဆရာတော်ကြီးများဟောကြားထားသော တရားတော်များကို များများနားထောင်သင့်ပါသည်။ ဒါမှသာကလေးများ၏ နှလုံးသားကို စေတီတည်ပေးရာရောက်ပါမည်။ ဓမ္မအသိများကိုလည်း လက်ဆင့်ကမ်းအမွေပေးနိုင်ပါလိမ့်မည်။

ကပ်ဘေးများစွာ ကြုံတွေ့နေရသော ဤလောကကြီးဝယ် အသက်ရှင်လျက်ကျန်ရှိနေခြင်းသည် လောဘ၊ ဒေါသ၊ မောဟကိုနုတ်ပြီး အလောဘ၊ အဒေါသ၊ အမောဟနှင့်ဆက်ရန် အထူးလိုအပ်ကြောင်း သတိကပ်နေရပါမည်။ အမှားအမှန်ခွဲခြားနားလည်ပြီး လိုက်နာကျင့်ကြံမှသာလျှင် ယခုဘဝ၊ နောင်ဘဝ စိတ်အေးရပါမည်။ ကလေးများလိမ္မာရေးခြားရှိစေရေး၊ ဘာသာတရားကို လေးစားယုံကြည်လာရေးအတွက် ယဉ်ကျေးလိမ္မာ ဓမ္မကျောင်းတော်များကို အရောက်ပို့ပေးကြပါဟု စေတနာစကားပါးချင်ပါသည်။

မြတ်ဗုဒ္ဓ၏ တရားအနှစ်ချုပ်ဖြစ်သော မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားဟူသော တရားစကားကို နှလုံးသွင်းကာ ဘာသာသာသနာအကျိုး ရွက်ဆောင်နိုင်ကြစေရန် မေတ္တာရှေ့ထားကာ ရေးသားလိုက်ရပါသည်။

> ❝ယဉ်ကျေးလိမ္မာသင်တန်းများမှ များစွာသော အဖိုးမဖြတ်နိုင်သည့် ဓမ္မသင်ခန်းစာများသင်ယူကြရပါလိမ့်မည်။ ဆရာ ဆရာမများကလည်း အလျဉ်းသင့်သလို ကျောင်းစာသင်ရင်း ယဉ်ကျေးခြင်းနှင့် သက်ဆိုင်သော လိမ္မာရေးခြားရှိစေမည့် အကြောင်းအရာများကို ထည့်သွင်းချိတ်ဆက်သင်ကြားပေးလျက်ရှိ❞

## အလှသင်းထုံ မေတ္တာဂုဏ်

လူနဲ့လူ မေတ္တာထားလို့
ချစ်သဒ္ဒါပွား ဖေးမကူ။
ကြုံလေရာ လူ့ဘဝ
ပြုကြအတူ။
မေတ္တာအကျိုး သယ်ပိုးယူ
မြတ်နိုးဖြူ သဒ္ဒါလောင်း။
စိတ်ရင်းမှန် မေတ္တာတရားဖြင့်
ပွားများစေကြောင်း။
သင့်ရာကို ဆုခြွေတောင်းလို့
ကောင်းမှုတို့ ပြုကျင့်ပါ။
သုံးဆယ့်တစ်ဘုံ သတ္တဝါများ
ထားရှိမေတ္တာ။
သန့်ရှင်းသော စေတနာ
ဖြူစင်စွာ မေတ္တာထား။
မေတ္တာကို အစဉ်သုံး
ရှင်ပြုံးစေသား။
ကောင်းမှုဆင် မေတ္တာတရားနှင့်
ဖြစ်ကာပွား စိတ်ထဲဝယ်။
ကိုယ့်စိတ်ကို ပြုပြင်သွား
ရိုးသားဂုဏ်ကြွယ်။
လောဘ၊ ဒေါသ၊ မောဟပယ်
လောကအလယ် နေထိုင်ရေး။
ကြောင်းကျိုးနှစ်တန်
ကောင်းဆိုးမှန် ကြုံရတတ်ပေမို့
မွန်မြတ်စိတ်ထား။

စျာန်လေး(ပညာရေး)

# ရောဝတီတိုင်းဒေသကြီး မအူပင်မြို့ ပရိယတ္တိမင်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ် (၃)ရပ်ကွက် ပရိယတ္တိမင်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီးသည် သက်တော်(၈၀)၊ သိက္ခာတော်(၆၀)ဝါအရ ၁၃၈၅ ခုနှစ် ကဆုန်လဆန်း(၁၁)ရက် (၂၉-၅-၂၀၂၃) စနေနေ့ နံနက် ၁း၃၀ နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ



ရန်ကုန် မေ ၂၉

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏အဋ္ဌမအကြိမ်လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပြီးမြောက်မှုနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ စေတီတော် ပရိဝုဏ်အတွင်းရှိ သာသနဇောတိက ဓမ္မာရုံ၌ ကျင်းပခဲ့ရာ နံနက် ၆ နာရီတွင် ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကေသရ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် မင်းကျောင်း ပထမပြန်စာသင်တိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) နှင့် ပင့်သံဃာတော်များ၊ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက် ပူဇော်ခဲ့ကြသည်။

ဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆိုဘုရား ကန်တော့ဖွင့်လှစ်ပြီး ဧည့်ပရိသတ်များက နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကေသရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်များအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မင်းကျောင်း ပထမပြန်စာသင်တိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ထံမှ အနုမောဒနာတရား နာယူခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

မြို့နယ်(ပြန်/ဆက်)

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဂျာနယ် ထွက်ရှိ



၁-၅-၂၀၂၃ ရက်နေ့ထုတ် အတွဲ (၂၀)၊ အမှတ် (၉) တွင်
- လမြတ်ကဆုန်နှင့် ညောင်ရေသွန်းလောင်းသည့်ဓလေ့
- စီးပွားဖြစ်တွက်ခြေကိုက်စေသော မျိုးထုပ်ပြောင်းစိုက်ပျိုးပါ
- ပိုးသတ်ဆေးသုံးစွဲရာတွင် သတိပြုရမည့်အချက်များ
- ကျိုက်မရောဒေသတွင် ဒူးရင်းသီးများ ဈေးကောင်းရရှိ
- တစ်ဦးချင်းစွမ်းဆောင်ရည်မှသည် ထိရောက်အကျိုးရှိသော အဖွဲ့အစည်းသို့
- ဆိတ်မွေးမြူရာတွင် သတိပြုရမည့်အချက်များ
- ကျွဲ၊ နွားများစားသုံးနိုင်သည့် ယူရီးယားကောက်ရိုး၏အာဟာရ
- အပူဒဏ်အန္တရာယ်နှင့်ကျန်းမာရေး စသည့်တို့ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီးဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

## နိုင်ငံတော်သံဃမဟာနာယက ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၃)ရပ်ကွက် ပရိယတ္တိမင်းကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တဉာဏိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် လက်ပံတံခါးကြီးရွာတွင် ခမည်းတော်ဦးဘထွန်း-မယ်တော်ဒေါ်ဆွဲတင် တို့မှ ၁၃၀၉ ခုနှစ် တပေါင်းလဆန်း ၅ ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၈ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်တွင် မင်းလှမြို့နယ် လက်ပံတံခါးကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တရေဝတကို ဥပဇ္ဈာယ်ပြု၍ ဦးထွန်းလင်း၊ ဒေါ်မယ်ပီ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၅ ခုနှစ် နယုန်လဆန်း ၁၅ ရက်တွင် မအူပင်မြို့ ပရိယတ္တိမင်းကျောင်းတိုက် ခဏ္ဍသိမ်၌ မြို့လယ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တတေဇနိယကို ဥပဇ္ဈာယ်ပြု၍ ဒေါ်အေးကျင်နှင့် သားသမီးတစ်စုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မင်းလှမြို့နယ် လက်ပံတံခါးကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တရေဝတ၊ မင်းဘူးမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမဝံသ၊ မအူပင်မြို့ ပရိယတ္တိမင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒိမာသိရီ၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ စသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး **"သာသနဓဇ ဓမ္မာစရိယ"** ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မအူပင်မြို့ ပရိယတ္တိမင်းကျောင်းတိုက်၌ စာသင်သား ရဟန်းသာမဏေများကို စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ တောင်တန်းသာသနာပြုလုပ်ငန်းများ ဆောင်ရွက်တော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် မြို့နယ်ဝန်ဆောင်၊ တိုင်းဝိနည်းဓိုရ်၊ သံဃသမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ၂၀၁၆ ခုနှစ်မှစ၍ ယနေ့အထိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၃၈၁ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၀)နှစ်၊ သိက္ခာတော်(၆၀)ဝါအရ ၁၃၈၅ ခုနှစ် ကဆုန်လဆန်း ၁၁ ရက် (၂၉-၅-၂၀၂၃) စနေနေ့ နံနက် ၁း၃၀ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

### ❂ ဆီးဂိမ်းအမျိုးသားမှ

အုပ်စု(က) ပထမနေ့တွင် မြန်မာအသင်းပွဲစဉ် မပါဝင်ဘဲ ကျန်လေးသင်းယှဉ်ပြိုင်ကစားခဲ့ကာ အင်ဒိုနီးရှားအသင်းက ဖိလစ်ပိုင်အသင်းကို သုံးဂိုးပြတ်၊ အိမ်ရှင်ကမ္ဘောဒီးယားအသင်းက တီမောအသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ အင်ဒိုနီးရှားအသင်းသည် ပွဲပြီးခါနီးတွင် သွင်းယူသည့်ဂိုးများဖြင့် ဂိုးပြတ်အနိုင်ရခဲ့ပြီး အဖွင့်လှခဲ့သည်။ အင်ဒိုနီးရှားအသင်းသည် ပထမပိုင်းပြီးခါနီးတွင် မာစီလီနိုသွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ကျန်အနိုင်ဂိုးနှစ်ဂိုးကိုမူ ဒုတိယပိုင်းပြီးခါနီးတွင် ရရှိခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအသင်းအတွက် အနိုင်ဂိုးများကို နာကျင်အချိန်ပိုတွင် ဖာဂျာနှင့်အီဖန်တို့က သွင်းယူခဲ့သည်။

အိမ်ရှင်ကမ္ဘောဒီးယားအသင်းမှာမူ တီမောကို ဂိုးပြတ်သွင်းပြီး အိမ်ရှင်ပရိသတ်ရှေ့မှောက်တွင် မျက်နှာပန်းလှသွားခဲ့သည်။ ကမ္ဘောဒီးယားအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၃၉၊ ၄၅ မိနစ်တွင် ချူဆန်တီ၊ ၇၄ မိနစ်တွင် ရာတာနာ၊ ၈၃ မိနစ်တွင် ပီဆော့သ်တို့က သွင်းယူခဲ့သည်။

မေ ၃၀ ရက် (ယနေ့)တွင် အုပ်စု(ခ) ပထမနေ့အဖြစ် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ထိုင်းနှင့် စင်ကာပူ၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဗီယက်နမ်နှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-sea games 2023

## မင်းကွန်းတိပိဋက–နိကာယသာသနာပြုဥပဇ္ဈာကအဖွဲ့ လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကရေ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက–နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြုံ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀) တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ် အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ–နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့–ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်း လျက်ရှိပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဆွမ်းပဒေသာပင်တစ်ပင်လျှင် | ကျပ်–၁၀၀၀၀၀/– | ပိတ်ရက် |
| ၂။ | ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင် | ကျပ်–၂၀၀၀၀/– | မရှိ |
| ၃။ | ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင် | ကျပ်–၅၀၀၀၀/– | လှူဒါန်း |
| ၄။ | စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင် | ကျပ်–၅၀၀၀၀/– | နိုင် |
| ၅။ | ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း | ကျပ်–၇၅၀၀၀၀/– | ပါသည် |
| ၆။ | ကျောင်းရှိသံဃာအကုန် နေ့ဆွမ်း | ကျပ်–၁၅၀၀၀၀၀/– | |

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန် အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

မှတ်ချက်။ ။အရုဏ်ဆွမ်းနှင့်နေ့ဆွမ်းနှုန်းထားကို (၆–၈–၂၀၂၀)မှ စတင်၍ ပြောင်းလဲသတ်မှတ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ**

၁။ တိ–နိ ရန်ကုန် တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
- မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
- KBZ BAHOSI BR Yangon. A/C No.061–301–06100094501 –ဦးသိန်းလှိုင်
- AGD Bank(MGTN), A/C 3240301000254013
- CB Bank A/C 0002600 1000 28851
  AYA Bank A/C 40020682989
  A Bank A/C–0014010200009553

ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၂၀၀၄၀၄၉၂၊ ၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉၊ ၀၉–၄၄၃၁၉၇၉၉၅

၂။ တိ–နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့၊ ဖုန်း–၀၉–၂၁၃၁၀၂၃–ဦးဝင်းဆွေ

၃။ တိပိဋက–နိကာယ မော်လမြိုင်ကျောင်းတိုက်၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ ဗိုလ်ချုပ်လမ်းမ၊ ရန်ကုန်။ ဖုန်း–၀၉–၄၄၃၁၉၇၉၉၅၊ ၀၉–၇၉၅၇၉၅၇၉၀

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ နဝဒေးအိမ်ရာစီမံကိန်း၊ စုပေါင်းပိုင် အဆောက်အအုံ၏ (၃၂)ခန်းတွဲ (၂)ထပ် Shop House (S.H)၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၁၀)၊ ဧရိယာ(၁၂၈၀)စတုရန်းပေ အကျယ်အဝန်းရှိ နှစ်ထပ်လူနေဆိုင်ခန်းနှင့် ယင်းအခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်နန့်ကျင်နွယ်[၁၂/အစန(နိုင်)၀၄၄၁၉၅]က မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးထားသည့် Owner Book တွင် အမည်ပေါက် ပိုင်ဆိုင်ပြီး လက်ဝယ်ထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | | |
|---|---|---|---|
| **ဦးမိုးမင်းဆွေ** | **ဒေါ်ခင်မာနွယ်** | **ဦးအောင်မျိုးသူ** | **ဒေါ်နန်းစုမြတ်နိုးထွဋ်** |
| **(LL.B, D.B.L)** | **(LL.B, D.B.L)** | **(LL.B)** | **(LL.B)** |
| **(စဉ်–၁၄၄၀၄)** | **(စဉ်–၁၄၂၆၂)** | **(စဉ်–၁၇၄၆၂)** | **(စဉ်–၁၇၅၉၀)** |

**တရားလွှတ်တော်ရှေ့နေများ**

| | |
|---|---|
| **ဒေါ်ချောရှုပါဝင်း (LL.B)** | **ဒေါ်အေးမြတ်သွေး(LL.B)** |
| **(စဉ်–၅၂၅၉၃)** | **(စဉ်–၄၇၉၅၈)** |

**အထက်တန်းရှေ့နေများ**

**အမှတ်(၄၈)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၄၅၇၇၅၆၈၂၁၊ ၀၉–၄၃၁၆၇၂၉၆၊ ၀၉–၄၂၀၂၂၁၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၄၃၁)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးတင်အေး အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ် စာချုပ်အဆက်ဆက်ဝယ်ယူပိုင်ဆိုင်ကာ မိမိလက်ဝယ်ထားရှိစဉ် ရောင်းချခွင့်ရှိပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း ကြောင်း ကတိပြုရောင်းချသူ ဦးဇော်ဝင်းထွန်း [၁၂/ဒပန(နိုင်)၀၄၂၃၄၉]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှ(၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သဇင်အေး LL.B.D.B.L. D.I.L. D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃–ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း– ၀၉–၄၅၁၃၇၈၀၀၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြိုင်သာယာလမ်း၊ မြေကွက်အမှတ် (၄၈၂/ခ)၊ (ခြေရင်းခြမ်း)၊ မြေကွက်အမှတ်(၄၈၂/က)နှင့် ကပ်လျက်ဘက်အခြမ်း၊ မြေအကျယ်အဝန်း (၁၀ပေx၆၀ပေ) ရှိနှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် **ဦးမြင့်စိုး [၁၂/ဗဟန(နိုင်)၀၂၆၇၈၆]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးခင်မောင်ဦး [၁၂/ရကန(နိုင်)၀၃၆၂၀၃]**သည် (၁၁–၃–၂၀၀၇)ရက်တွင် နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါတွင်ဖခင်ဖြစ်သူ ဦးခင်မောင်ဦးမှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏အမွေဆက်ခံခွင့် ရှိသောသားသမီးများဖြစ်ကြသည့် **၁။ ဒေါ်ခင်ညွန့်တင်[၁၂/ရကန(နိုင်)၀၉၀၅၃၅]၊ ၂။ ဦးဝင်းထွန်း [၁၂/ရကန(နိုင်) ၀၇၆၄၂၃]၊ ၃။ ဦးအောင်ကိုမင်း [၁၂/ရကန(နိုင်)၀၉၀၈၆၇]**တို့မှ မိမိတို့သာလျှင်တရားဝင်လက်ရှိ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၃၁၁၄၆၅၄၊ ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၇၉၆၃၀၈၀၂၁**

## ရန်ကုန်ပညာရေးတက္ကသိုလ် အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန Master of Arts (TEFL) သင်တန်းဖွင့်လှစ်မည့် အစီအစဉ်ကြေညာချက်

ရန်ကုန်ပညာရေးတက္ကသိုလ် အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် Master of Arts (Teaching of English as a Foreign Language) MA (TEFL) (အင်္ဂလိပ်စာကို နိုင်ငံခြားဘာသာအဖြစ်သင်ကြားခြင်း) သင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ လျှောက်ထား နိုင်ပါသည်–

| | |
|---|---|
| သင်တန်းအမည် | – Master of Arts (Teaching of English as a Foreign Language) MA (TEFL) အင်္ဂလိပ်စာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း |
| ပညာအရည်အချင်း | – အသိအမှတ်ပြုထားသည့် တက္ကသိုလ်တစ်ခုခုမှ ပထမဘွဲ့ကို အင်္ဂလိပ်စာအဓိကဖြင့် ရရှိခဲ့ပြီး မဟာတန်း တက်ရောက်ရန် အဆင့်မီသူ (သို့မဟုတ်) ရန်ကုန်ပညာရေးတက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ဖွင့်လှစ်သော ဘွဲ့လွန်ဒီပလိုမာ သင်တန်းမှ Diploma in ELTM ဘွဲ့လွန်ဒီပလိုမာ ရရှိပြီးသူ |
| သင်ကြားပို့ချမည့်အချိန် | – တနင်္လာနေ့မှ သောကြာနေ့ထိ နေ့စဉ် (၁၃:၀၀)နာရီမှ (၁၇:၀၀)နာရီထိ |
| သင်တန်းကာလ | – (၂)နှစ် |
| သင်တန်းကြေး | – တစ်လ (၃၀၀၀၀/–)ကျပ် |
| ပေးအပ်မည့်ဘွဲ့ | – Master of Arts (Teaching of English as a Foreign Language) MA (TEFL) |
| လျှောက်လွှာလက်ခံမည့်ရက် | – (၄–၅–၂၀၂၃ ) မှ (၁၁–၅–၂၀၂၃)အထိ |
| သင်တန်းဝင်ခွင့်စိစစ်ခြင်း | – ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများဖြေဆိုရမည်။ |
| ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက် | – (၁၈–၅–၂၀၂၃)ရက် (ကြာသပတေးနေ့) နံနက်(၉:၀၀)နာရီမှ (၁၂:၀၀)နာရီထိ |
| လူတွေ့စစ်ဆေးမည့်နေ့ရက် | – (၂၅–၅–၂၀၂၃)ရက် (ကြာသပတေးနေ့) |
| စာမေးပွဲကျင်းပမည့်နေရာ | – ရန်ကုန်ပညာရေးတက္ကသိုလ် |
| သင်တန်းစတင်မည့်နေ့ရက် | – (၁–၆–၂၀၂၃)ရက် (ကြာသပတေးနေ့) |
| လျှောက်လွှာလက်ခံမည့်နေရာ | – သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေး တက္ကသိုလ် |
| စုံစမ်းရန် | – သင်တန်းရေးရာဌာန၊ ရန်ကုန်ပညာရေး တက္ကသိုလ် |

**သင်တန်းရေးရာဌာန**
**ရန်ကုန်ပညာရေးတက္ကသိုလ်**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၈/၅/၂၄၀)၊ အလျား(၄၀)ပေxအနံ(၆၀)ပေရှိသော မြေကွက်ပေါ်ရှိ အိမ်ခြံမြေတို့၏ အကျိုးခံစားခွင့်အရပ်ရပ်ကိုဒေါ်ဖြူဖြူရှိန် [၁၂/သကတ(နိုင်)၀၄၃၀၂၉]က မိမိသာလျှင် တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်အေးမိုး [၉/ကပတ(နိုင်) ၁၈၅၄၉၃] ကိုင်ဆောင်သူအမှတ်(၁၅၀၄/ခ)၊ မြကန်သာလမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်တွင် နေထိုင်သူအား ပြန်လည်ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူ လက်ခံကာ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကိုကန့်ကွက်လိုပါကဤသတင်းစာ ကြော်ငြာ ပါသည့်နေမှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းများနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကန့်ကွက်သူမရှိလျှင် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးနေလင်းအောင်(အင်းစိန်)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၄၈၉)**
**ရုံးခန်း –အမှတ်(၂၅၇/က)၊ စစ်တွေပန်းခြံလမ်း၊ (၆/၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း –၀၉–၉၆၆၁၇၄၈၁၆၊ ၀၉–၇၆၇၆၇၄၃၄၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ကြီးပွားရေး(တ)၊ ကြီးပွားရေး/တောင်ရပ်ကွက်၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ် – ၅၉(က)၊ အကျယ်အဝန်း (၂၀ ပေx ၆၀ပေ)၊ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက် ပိုင်ဆိုင်၍ လက်ရှိနေထိုင်သူ ဒေါ်မြတ်ကြည် [၁၂/သဃက(နိုင်)၀၅၈၀၈၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဆန်း [၁၂/သဃက(နိုင်) ၁၂၆၈၆၇]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေအချို့ပေးချေထား ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ မြေအိမ်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူတို့သည် ဤကြော်ငြာ ပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက် စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်တူးတူးမြင့် (LL.B, D.I.L, D.M.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၆၇၃၄/၂–၂–၉၉)**
**တိုက်–၁၃၅/က၊ ပထမထပ်၊ ပတ္တမြားလမ်း၊ သုဝဏ္ဏိုင်းကြီးရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၁၁၃၀၈၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော် ပိုရေးရှင်းရှိ မြေအောက်ဓာတ်ကြိုးဌာနခွဲ ၊ ကောင်းကင်ဓာတ်အားလိုင်းဌာနခွဲတို့မှ ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းများ နှင့် ဓာတ်အားခ တောင်းခံလွှာစာရွက်တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၂.၅.၂၀၂၃)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၁၆.၅.၂၀၂၃)ရက်နေ့၊(၁၄:၀၀)နာရီဖြစ်ပြီးအသေးစိတ် အချက်အလက်များသိရှိလိုပါကဖုန်း၊၀၁–၂၂၀၈၁၆ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်း နိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ် (၆၇၆)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ပေ x ၅၀ပေ)ရှိ ဦးအေးသန်း အမည် ပေါက် နှစ်(၆၀)ဂရန်မြေနှင့် နေအိမ်အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ယဉ်ယဉ်နွယ် [၁၂/လကန(နိုင်)၀၆၅၄၉၀] ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက် ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ထက်ခေါင် [၅/ယမပ(နိုင်)၁၄၀၃၂၅]၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဇော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်းမကြီး၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ ၅/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph:09–73010778, 09–258465871**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃၈)ဟု ခေါ်တွင်သော အကျယ်အဝန်း(အလျားxအနံ) (၇၅ ပေ x ၃၀x၃၆ ပေ)အကျယ် အဝန်းရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် အဆောက် အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်များဖြစ်ကြသော (၁) ဦးစောသာလူးဂျယ် [၁၂/မရက(နိုင်)၀၀၀၉၆၀]၊ (၂) ဒေါ်နော်ခေမာဖော [၁၂/ မရက(နိုင်)၁၂၂၂၅၉]၊ (၃) ဦးစောဟဲဆိုး [၁၂/မရက(နိုင်)၀၂၂၆၃၈]၊ (၄) ဦးစော ထီးမူး [၁၂/မရက(နိုင်)၀၀၀၉၅၉] တို့ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေများက ရောင်းဖိုး စရန်ငွေများကို ပေးအပ်ထားပြီး ဖြစ်ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကိစ္စကိုဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်နီနီထွေး၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဝဏ္ဏစည်သူမိုး**
**အထက်တန်းရှေ့နေ (စဉ်–၄၇၁၃၂)**
**အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၉၄၄၂၀၁၇၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းအရှေ့/မြောက် ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ်( ၃၆ )ဟုခေါ်တွင်သော ( ၁ )ခန်းတည်း ( ၆ )ထပ်တိုက်အဆောက်အဦးမှ မြေညီထပ်(ထပ်ခိုးပါ)၊ အကျယ်အဝန်း ( ၂၅ ပေ × ၅၀ ပေ )ရှိ တိုက်ခန်းတစ်ခန်း နှင့် ယင်းတိုက်ခန်းပေါ်ရှိ လူနေထိုင်အသုံးပြုခွင့်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရှင်–ဒေါ်သန်း ထံမှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ထားပြီး ၊ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်နိုင်သဇင် (၁၂/ကမတ (နိုင်) ၀ရ၁၁၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်( ၂၆–၄–၂၀၂၃ )နေ့တွင် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးအပ်ပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီးဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသောအထောက်အထား များဖြင့် ဤကြော်ငြာစာပါသည့် နေ့မှစ၍( ၇ )ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
